# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957


**သွားလေရာအရပ်၌**
**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 2 April 2024 ၁၁၄၁၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် မြဝတီစာပေတိုက်မှ ထုတ်ဝေလျက်ရှိသည့် တေဇရုပ်စုံစာစောင်နှင့် မိုးသောက်ပန်းဂျာနယ်တို့အား Amuze Webtoon Application တွင် ထည့်သွင်းခြင်းတို့ကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။

## မှန်ကန်သည့်အသိ၊ ခိုင်မာသည့် ခံယူချက်ကောင်းများနှင့် မိမိတို့ကိုယ်စီ တတ်မြောက်ကျွမ်းကျင်ထားကြသည့် အတတ်ပညာစွမ်းအားများ ပေါင်းစပ်ပြီး နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးအားမာန်များ ပိုမိုခိုင်မာလာအောင် ကြိုးပမ်း

### တပ်ဖွဲ့၏ မူလရည်မှန်းချက် တာဝန်များ ကျေပွန်အောင် ထမ်းဆောင်နိုင်ရန် နိုင်ငံတကာရေးရာနှင့် မျက်မှောက်ခေတ်အခြေအနေများ မျက်ခြည်မပြတ်လေ့လာ

နေပြည်တော် ဧပြီ ၁

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာ စကားပြောကြား သည်။

**လှိုက်လှဲနွေးထွေးစွာကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်သို့ ရောက်ရှိကြရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ


နယ်ခြားဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ကြိုးပမ်းမှုဆောင်ရွက်မှုတိုင်း တပ်မတော်နှင့်အတူ ပြည်သူများအတူလက်တွဲ ပါဝင်ခဲ့သည် ချည်းဖြစ် ဆောင်းပါး စာမျက်နှာ » ၆

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက် စာမျက်နှာ » ၁၁

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေး ၂၀၂၄ ခုနှစ်တွင် ၅ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မည်ဟု ကမ္ဘာ့ဘဏ် ခန့်မှန်း စာမျက်နှာ » ၁၃

ကြေးမုံ

# ရေစီမံခန့်ခွဲမှုဖြင့် လူမှုစီးပွားဘဝဖြည့်ဆည်း

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရေသည် အခြေခံလိုအပ်ချက်တစ်ခု ဖြစ်သည်။ လူမှုဘဝပတ်ဝန်းကျင်တွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိပါမှ အစစအရာရာ အဆင်ပြေမည်ဖြစ်သည်။ ယခုအခါ နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်ရာ ပူပြင်းခြောက်သွေ့မှုကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများကို မြန်မာနိုင်ငံရှိ အချို့ဒေသများတွင် ကြုံတွေ့လာကြသည်ကို တွေ့မြင်နေရသည်။

ထို့ကြောင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နှစ်စဉ်နှစ်တိုင်း နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုဖြစ်နိုင်ခြေရှိသောကျေးရွာများအား ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် သောက်သုံးရေအလျင်အမြန်ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန်အတွက် အစီအစဉ်များ ကြိုတင်ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နွေရာသီကာလ ရေပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက ချက်ချင်းတုံ့ပြန်ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

သောက်သုံးရေများ ပြတ်လပ်မှုဖြစ်ပေါ်လာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာကျေးရွာများသို့ ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ်များကိုလည်း အသိပေးထားပြီးဖြစ်ရာ ပြီးခဲ့သည့်ရက်များက ရေလိုအပ်သည့်ကျေးရွာများသို့ သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။ အလားတူ မြန်မာနိုင်ငံအတွင်းရှိ သောက်သုံးရေလိုအပ်သော မြို့ရွာများအား မြို့နယ်မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာရပ်ကွက်များနှင့် နွေရာသီတွင် ရေရှားပါးလေ့ရှိသည့် ကျေးရွာများရှိ နေအိမ်များ၊ ရေလှောင်ကန်များအား သန့်ရှင်းသည့်သောက်သုံးရေများ အခမဲ့လိုက်လံဖြန့်ဝေပေးနေသည်ကို တွေ့ရသည်။

ရေအခက်အခဲသည် ရေအရင်းအမြစ်ပေါများသော မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ ရင်ဆိုင်ရလျက်ရှိသည့် အရေးအကြီးဆုံးစိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်သည်။ ကုလသမဂ္ဂ၏အဆိုအရ ကမ္ဘာ့လူဦးရေ နှစ်ဘီလီယံကျော်သည် သန့်ရှင်းသောသောက်သုံးရေ မရရှိကြသည့်အပြင် လေးဘီလီယံကျော်သည်လည်း တစ်နှစ်လျှင် အနည်းဆုံးတစ်လတာရေရှားပါးမှုနှင့် ကြုံတွေ့နေကြောင်း သိရှိရသည်။ တစ်ဖက်တွင် ရာသီဥတုပြောင်းလဲလာမှုနှင့် လူတို့၏ပယောဂများကြောင့် ရေသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိပြီး ရေအရင်းအမြစ်များ လျော့နည်းလာသည်ကို တွေ့ရသည်။

မြေပြင်ပေါ်ရှိ ရေအားလုံး၏ သုည ဒသမ ၅ ရာခိုင်နှုန်းနှင့် မြေအောက်ရေ ၃၀ ဒသမ ၁ ရာခိုင်နှုန်းကိုသာ လူတို့သုံးစွဲနိုင်သည့်အတွက် အသုံးပြုနိုင်သည့်ပမာဏ အလွန်နည်းပါးနေသည်ကို တွေ့ရသည်။ ၂၀၂၂ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာမှုများအရ နှစ်စဉ်လူဦးရေ ၁ ဒသမ ၄ သန်းသည် မသန့်ရှင်းသည့်ရေကြောင့် ဖြစ်ပေါ်လာသည့်ရောဂါများနှင့် မိလ္လာကဲ့သို့ရေဆိုးများကြောင့် လူအများ ကျန်းမာရေးထိခိုက်ပြီး အသက်သေဆုံးမှုများရှိနေသည့်အပြင် လူဦးရေ ၇၄ သန်းသည် တဖြည်းဖြည်းနှင့်သက်တမ်းတိုလာသည်ဟု အသိပေးထားသည်။ မြန်မာနိုင်ငံတွင်လည်း ရေရှားပါးမှုနှင့် မသန့်ရှင်းသောရေကြောင့် လူတို့ကျန်းမာရေး ထိခိုက်လျက်ရှိသည်ကိုတွေ့ရသည်။

ရေအရင်းအမြစ်ပေါများသော မြန်မာနိုင်ငံအနေဖြင့် နွေရာသီကာလတွင် ရေရှားပါးမှုအခက်အခဲများ၊ မသန့်ရှင်းသောရေကြောင့် ကျန်းမာရေးထိခိုက်မှု ပြဿနာများစသည့် ရေနှင့်ပတ်သက်သောစိန်ခေါ်မှုများကို ပြည်သူများအား အသိပညာပေးမှုများ၊ ရေစီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ်များဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရေမူဝါဒဆိုင်ရာများနှင့် ဥပဒေများကို ချမှတ်ဖော်ဆောင်လျက်ရှိပြီး စိုက်ပျိုးရေးကဏ္ဍအတွက် ရေတိုးမြှင့်ရရှိရေး၊ စွမ်းအင်ကဏ္ဍအတွက် ရေအားလျှပ်စစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အိမ်သုံးရေ တိုးမြှင့်ပေးဝေနိုင်ရေး၊ စက်မှုလုပ်ငန်းသုံးရေ ပိုမိုပေးဝေနိုင်ရေးတို့အတွက် ဘက်စုံရေစီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ရေအရင်းအမြစ်များကို ထိရောက်စွာစီမံခန့်ခွဲနိုင်အောင် ဆောင်ရွက်လျက်ရှိသည်။

ရေစီမံခန့်ခွဲမှုဆိုသည်မှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ စားရေရိက္ခာဖူလုံစေရေး၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများကာကွယ်ရေး၊ ရေညစ်ညမ်းမှုကို တားဆီးရေးနှင့် ရေဆိုင်ရာပြဿနာများကို ဖြေရှင်းရေးစသည့်ပန်းတိုင်များစွာကို ရောက်ရှိနိုင်စေမည့် အရေးကြီးသည့် အခြေခံဆောင်ရွက်ချက်ဖြစ်သည်။ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေးသည် နေ့စဉ်နှစ်စဉ်လိုအပ်ချက်မြင့်မားလျက်ရှိသောကြောင့် ရေအရင်းအမြစ်များအား စနစ်တကျစီမံခန့်ခွဲနိုင်သည့်အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ပြည်သူများအတွက် သောက်သုံးရေလိုအပ်ချက်မြင့်မားနေသလို စိုက်ပျိုးရေးကဏ္ဍသည် ရေချိုသုံးစွဲမှုအများဆုံးဖြစ်သဖြင့် ရေအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် ရေစီမံခန့်ခွဲနိုင်ရေးသည် နိုင်ငံအတွက် အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်သဖြင့် ရေစီမံခန့်ခွဲမှုလုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ (ပဥ္စမနေ့) ကျင်းပ

**နေပြည်တော် မေ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ပဥ္စမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၂၁၆၀ ပါး/ဦး အနက် ၉၅၇၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၈ ဒသမ ၇၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။**သတင်းစဉ်**

## မွန်တိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၁ / ၂၀၂၄ )

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

**မွန်တိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရာဇဓိရာဇ်လမ်း၊ ရတနာဒီပရပ်ကွက်၊ အမှတ် (၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မွန်တိုးတက်ရေးပါတီ**ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မွန်တိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၄၈) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သမားများကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးခဲ့သူများအတွက် နိုင်ငံတော်မှ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမှု"** ခေါင်းစဉ်ဖြင့် ၃-၄-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားများကို အလိုမရှိသော ငြိမ်းချမ်းစွာ နေထိုင်လိုသည့်ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းတုံမြို့နယ်၌ မွေးမြူရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်လှစ်

**မိုင်းတုံ မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက စမ်းသီတာ(၅)မိုင် ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ယုယုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ဖြိုးဝေက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များအား ရှင်းလင်းပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို သင်တန်းသား သင်တန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းကို စမ်းသီတာ(၅)မိုင်ကျေးရွာမှ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)ရန်ပုံငွေဖြင့် နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် တိရစ္ဆာန်များ ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ၊ ကာကွယ်ရမည့်နည်းလမ်းများနှင့် ကောင်းမွန်သော မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAHP) အသိပညာ၊ အတတ်ပညာများကို ကျွမ်းကျင်နည်းပြဆရာများက စာတွေ့/လက်တွေ့ တစ်ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ ၂၂


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သတင်းထောက်များ** | ဦးသန်းတင်အောင် |
| | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အမျိုးသား စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်း နောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ ခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူး ကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ် ဒေသနှင့် ပြည်တွင်းတည်ငြိမ် အေးချမ်းရေးအတွက် နိုင်ငံတော်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေးတွေ့ဆုံ ဆွေးနွေးမှုများ ဆောင်ရွက်လျက် ရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီ ဆောင်ရွက်ပေးလျက်ရှိ သည့်အခြေအနေများ၊ မူးယစ် ဆေးဝါး တားဆီးကာကွယ်ရေး၊ အွန်လိုင်း လောင်းကစားမှုများနှင့် အွန်လိုင်း လိမ်လည်မှုများ ပပျောက်စေရေး နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ကိစ္စ ရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန အာရှ ရေးရာ အထူးကိုယ်စားလှယ်တို့ သည် တက်ရောက်လာကြသူများ နှင့်အတူ မှတ်တမ်းတင်စုပေါင်း ဓာတ်ပုံရိုက်ကြကြောင်း သိရ သည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့်အဖွဲ့နှင့် တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H. E. Mr. Deng Xijun ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။

☆ ရှေ့ဖုံးမှ

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် မြဝတီစာပေတိုက်မှ ထုတ်ဝေလျက်ရှိသည့် တေဇ ရုပ်စုံစာစောင်နှင့် မိုးသောက်ပန်းဂျာနယ်တို့အား Amuze Webtoon Application တွင် ထည့်သွင်းခြင်းတို့ကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးပြီး Amuze Webtoon Application တွင် ထည့်သွင်းခြင်း Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အောင်လံလွင့်ချီ ကကပြည်" တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး (၇၇)နှစ်မြောက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး နှစ်ပတ်လည်နေ့ မှတ်တမ်းဗီဒီယိုကို ပြသသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတွင် တာဝန် ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ စစ်သည်၊ အစားခန့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**☆ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့ဝင်များပီပီ နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒများကို လေးနက်စွာ ခံယူနားလည်ပြီး တပ်မတော်သားများ၊ တပ်မတော်သား မိသားစုဝင်များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးပါ နိုင်ငံချစ်စိတ် ပိုမိုမြင့်မားလာစေရေး၊ အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက်များ ပိုမိုတိုးတက်လာစေရေးတို့ကို တစိုက်မတ်မတ် ကြိုးပမ်းထမ်းရွက်သွားကြရန်လို**

### ဂုဏ်ပြုအမှာစကား ပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ စတင်သန္ဓေတည်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့၏ ခရီးသည် ယနေ့ဆိုပါက (၇၇)နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရှည်လျားသည့် သမိုင်းခရီးတစ်လျှောက် မဆုတ်မနစ်သော ဇွဲလုံ့လ ဝီရိယတို့ဖြင့် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များကို

စာမျက်နှာ ၅ သို့ ☆




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာ(ပထမဆု) ရရှိသည့် ဗိုလ်ကြီးနေထွဋ်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ဂုဏ်ပြုဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၄ မှ
ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းထမ်းရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအားလုံး၏ စွမ်းဆောင်နိုင်ခဲ့မှုများအတွက် ဂုဏ်ယူအသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ပြည်သူ့ဆက်ဆံရေး (Public Relation)ဆိုသည်မှာ စစ်ဘက်–နယ်ဘက် ဆက်ဆံရေးအထိ သက်ရောက်မှုရှိသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စိတ်ဓာတ်စစ်ဆင်ရေးဟူသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) အင်အားစုကြီးတစ်ခုလုံးကို စိတ်ဓာတ်ဖြင့် တည်ဆောက်ခြင်း၊ ပြည်သူကြားက မွေးဖွားလာသော တပ်မတော်နှင့် ပြည်သူကို တစ်သားတည်း ဖြစ်စေခြင်းဆိုသည်အထိ စွမ်းပကားရှိကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့များသည် တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်းနှင့် စည်းရုံးရေးလုပ်ငန်းများကို ကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် မိမိတို့ သိသင့်သိထိုက်သည့် အသိပညာများနှင့် တတ်ကျွမ်းရမည့် အတတ်ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာနေကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့ဝင်များပီပီ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများကို လေးနက်စွာ ခံယူနားလည်ပြီး တပ်မတော်သားများ၊ တပ်မတော်သား မိသားစုဝင်များနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးပါ နိုင်ငံချစ်စိတ်ပိုမိုမြင့်မားလာစေရေး၊ အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက်များ ပိုမိုတိုးတက်လာစေရေးတို့ကို တစိုက်မတ်မတ် ကြိုးပမ်း ထမ်းရွက်သွားကြရန် လိုကြောင်းကို အလေးအနက်ထား တိုက်တွန်းလိုကြောင်း။

တာဝန်များကို ထမ်းဆောင်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့ဝင်များ၏ ပင်ကိုပါရမီနှင့် အသီးသီး သင်ကြားတတ်မြောက်ထားသည့် စာပေ၊ ဂီတ၊ အနုပညာ၊ မီဒီယာဆိုင်ရာ အတတ်ပညာရပ်များဖြင့် တပ်မတော်သားများနှင့် တပ်မတော်သား မိသားစုဝင်များ၏ ပညာရည်မြင့်မားရေး၊ တပ်တွင်း စည်းလုံးညီညွတ်ရေး၊ ရှေ့တန်းရောက် တပ်မတော်သားများ၏ တိုက်ပွဲဝင်စိတ်ဓာတ်များ ရှင်သန်နိုးကြားစေရေးတို့အတွက်လည်း သမိုင်းအဆက်ဆက်မှ ယနေ့ထက်တိုင် ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကိုတွေ့မြင်နေရဆဲဖြစ်ကြောင်း။

အနုသုခုမနှင့်သာမက တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းများအသီးသီးကလည်း တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ စစ်သည်များ၏ တိုက်ပွဲဝင်စိတ်ဓာတ်မြင့်မားရေးကို အထူးအလေးထား ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ မကြာခင် စစ်မှုထမ်းကြတော့မည့် ပြည်သူ့စစ်မှုထမ်းများကိုလည်း တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံတော် ကာကွယ်လိုစိတ် ထာဝရကိန်းအောင်းသွားစေရေး ဆောင်ရွက်သွားရန် လိုသကဲ့သို့ နောင်တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ် နိုင်ငံသားများကိုလည်း နိုင်ငံတော်အတွက်တာဝန်ထမ်းဆောင်ကြမည် ဟူသည့် ခံယူချက်မျိုးဖြစ်လာရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်များသည် စာပေ၊ ဂီတ၊ မီဒီယာ စသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် အနုပညာဆိုင်ရာသဘောသဘာဝအပေါ်အခြေခံပြီး ဖွဲ့စည်းထားသည့် တပ်ဖွဲ့များဖြစ်သောကြောင့် တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်မှုရှိစေရေးသည် အရေးကြီးကြောင်း၊ ပေးအပ်လာသည့် တာဝန်အရပ်ရပ်အပေါ် တစ်ဦးတစ်ယောက်ကောင်းအားထက် စုပေါင်းအားကို အဓိကမဏ္ဍိုင်ပြုပြီး ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုကြောင်း၊ မှန်ကန်သည့်အသိ၊ ခိုင်မာသည့် ခံယူချက်ကောင်းများနှင့် မိမိတို့ကိုယ်စီ တတ်မြောက်ကျွမ်းကျင်ထားကြသည့် အတတ်ပညာ စွမ်းအားများ ပေါင်းစပ်ပြီး နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးအားမာန်များ ပိုမိုခိုင်မာလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များ၏ သမိုင်းနှင့် အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်သွားကြပြီး တပ်ဖွဲ့၏ မူလရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန် နိုင်ငံတကာရေးရာနှင့် မျက်မှောက်ခေတ် အခြေအနေများကို မျက်ခြည်မပြတ် လေ့လာနေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်မှ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် မည်သည့်အန္တရာယ်မျိုးမဆို ကာကွယ်နေချိန်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့အနေဖြင့် တပ်မတော်မှ အားကိုးရသည့် လက်ရုံးတပ်ဖွဲ့တစ်ခုဖြစ်စေရန် တပ်ဖွဲ့ဝင်တိုင်း၏ အသိပညာ၊ အတတ်ပညာ စွမ်းပကားများကို တိုးတက်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့်ခရီးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် လေးလေးနက်နက် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ကျောင်းများမှ နိုင်ငံတော်အဆင့်ပြည်တွင်းပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် "စောင်နီလေးတစ်ထည်" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရရှိခဲ့သည့် ဗိုလ်မှူးတင်အောင်စိုး၊ ၂၀၂၂ ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာ (ပထမဆု) ရရှိသည့် ဗိုလ်ကြီးနေထွဋ်အောင်၊ ၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊

စာမျက်နှာ ၇ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက နှစ်ပတ်လည်နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

☆ **အနုသုခုမနှင့်သာမက တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းများအသီးသီးကလည်း တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်များ၏ တိုက်ပွဲဝင်စိတ်ဓာတ်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်သွားရန် တိုက်တွန်းလို**

☆ **မကြာခင် စစ်မှုထမ်းကြတော့မည့် ပြည်သူ့စစ်မှုထမ်းများကိုလည်း တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံတော်ကာကွယ်လိုစိတ် ထာဝရကိန်းအောင်းသွားစေရေး ဆောင်ရွက်သွားရန်လိုသကဲ့သို့ နောင်တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်နိုင်ငံသားများကိုလည်း နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ကြမည်ဟူသည့် ခံယူချက်မျိုးဖြစ်လာရေး ကြိုးစားဆောင်ရွက်သွားရမည်**

# မြန်မာနိုင်ငံ မြန်မာပြည်သူတို့သမိုင်းနှင့် ထက်ကြပ်ပါလာသော မြန်မာ့တပ်မတော်

.......... တက္ကသိုလ်မြတ်သူ ..........

ယနေ့ နိုင်ငံတော်အခြေအနေအရပ်ရပ်ကိုကြည့်လျှင် မဲလိမ်၊ မဲခိုးပြီး အစမ္မနှင့် နိုင်ငံတော်အာဏာကိုယူတော့မည့် နယ်ချဲ့အကျိုးပြု၊ နယ်ချဲ့လက်ဝေခံ၊ နယ်ချဲ့ရုပ်သေးရုပ်အုပ်စုက ယနေ့မင်းသားကြီး(မင်းသမီးကြီး) မလုပ်ရ၍ ပတ်မကြီးထိုးဖောက်နေကြသည်။ အာဏာမရသည့်အတူ ပြည်ထောင်စုကိုဖြိုခွဲဖျက်ဆီးမည်၊ နိုင်ငံတော်ကြီး နယ်ချဲ့လက်ပြန်ရောက်စေမည်၊ ပြည်ထောင်စုသားများ ကျွန်ပြန်ဖြစ်စေရမည်ဟူသော မသမာစိတ်ထားဖြင့် အကြမ်းဖက်မှု၊ ဆူပူမှု၊ ရဟန်းသံဃာများ၊ ပြည်သူများ၊ ဝန်ထမ်းများအပါအဝင် မြန်မာများကို ရက်စက်ယုတ်မာစွာသတ်ဖြတ်မှုများ ကျူးလွန်လာကြသည်။ ပြည်ထောင်စုမှ ခွဲထွက်ရန် ပုန်ကန်သောင်းကျန်းမှုက ပြည်ပနယ်ချဲ့၊ ဘာသာချဲ့၊ လူမျိုးချဲ့အုပ်စုများနှင့်ပေါင်းပြီး အရှိန်မြှင့်တင်လာနေကြပေသည်။

> ★ **တပ်မတော်က နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားများအားလုံး စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးလာအောင် နိုင်ငံ့စီးပွားရေးအခြေခံအဆောက်အအုံများ ဇယ်စက်နေသလို နေ့မီး ညမီးထွန်း၍ တည်ဆောက်ပေးနေ**
>
> ★ **နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ကြိုးပမ်းမှုဆောင်ရွက်မှုတိုင်း တပ်မတော်နှင့်အတူ ပြည်သူများအတူလက်တွဲပါဝင်ခဲ့သည်ချည်းဖြစ်**

တပ်မတော်က နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားများအားလုံး စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးလာအောင် နိုင်ငံ့စီးပွားရေးအခြေခံအဆောက်အအုံများ ဇယ်စက်နေသလို နေ့မီး ညမီးထွန်း၍ တည်ဆောက်ပေးနေသည်။

သူပုန်အဖွဲ့ကြီး ရှစ်ဖွဲ့၏ တစ်နိုင်ငံလုံးမှ မြို့များအားလုံးကို သိမ်းပိုက်ထားသည့်အချိန် ရန်ကုန်ခြောက်မိုင်အစိုးရဟု သရော်ခံရသောကာလမှာပင် စစ်ရည် စစ်ရေးနှင့် စည်းကမ်းပြည့်ဝထက်မြက်သော တပ်မတော်က သောင်းကျန်းသူတို့လက်မှ အင်အားတောင့်တင်းပြီး လက်နက်စုံကိုင်ထားနိုင်သော ပြည်သူ့ရန်သူများကို ရန်ပုံခွင်းကာ၊ မြို့ရွာအားလုံးပြန်သိမ်းကာ အာဏာရဖဆပလအစိုးရကို အာဏာသက်ဆက်ပေးနိုင်ခဲ့သည်။ ပြည်ပစစ်သဘော်အုပ်စုပင်ပါလာသော မင်းမဲ့ဝါဒီများ၏ တိုင်းဆူပြည်ဖျက် ရှစ်လေးလုံး အရေးအခင်းကိုလည်း တပ်မတော်က ရပ်တန့်စေခဲ့သည်။

## တပ်မတော်နှင့် ပြည်သူများအတူလက်တွဲ

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ကြိုးပမ်းမှုဆောင်ရွက်မှုတိုင်း တပ်မတော်နှင့်အတူ ပြည်သူများအတူလက်တွဲပါဝင်ခဲ့သည်ချည်း ဖြစ်သည်။

ပဲခူးရိုးမတစ်ဝိုက်၊ မြစ်ဝကျွန်းပေါ်တစ်ဝိုက် ပြည်ပအထောက်အပံ့ဖြင့် တိုက်ခိုက်သောင်းကျန်းနေသော ဗကပကွန်မြူနစ်သူပုန်များ၊ တိုင်းရင်းသားလက်နက်ကိုင်သူပုန်မျိုးစုံကို တပ်မတော်က ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြင့် ဖြေရှင်းခဲ့သည်။ အချို့နေရာများတွင် ပြည်သူနှင့် တိုင်းရင်းသားပြည်သူများ ပူးပေါင်းလက်တွဲ တိုက်ခိုက်ဖြေရှင်းနိုင်ခဲ့သည်။

ကျွန်တော်မှတ်မိသမျှ သတင်းသမားဘဝဖြင့် မြစ်ဝကျွန်းပေါ် ဖျာပုံဒေသထော်ပိုင်သို့ ပြည်ပြေးများခိုးဝင်လာ၍ ဗိုလ်ချုပ်သန်းတင်နှင့် တပ်ကစစ်ဆင်ဖြိုခွင်းခဲ့ပြီးနောက် လက်နက်ချသော ပြည်ပြေးညိုဝင်းအဖွဲ့ကို တွေ့ဆုံမေးမြန်းရန် ဖိတ်ကြားခံရဖူးသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းသို့ တောခိုလွယ်မော်အဖွဲ့၏ ဘိန်းလုပ်ငန်းလေ့လာရန်လည်း ဖိတ်ကြားခံရဖူးသည်။ ဗိုလ်ချုပ်သန်းတင်၏ ဖြတ်လေးဖြတ် မည်မျှအောင်မြင်သည်ကို ပြောရလျှင် တောထဲမှ ဗကပခေါင်းဆောင်တစ်ယောက် ရိက္ခာပြတ်၍ ငတ်မွတ်ကာ အလင်းဝင်ရန်အလာ တောစပ်မှာပင် အားပြတ်လဲကျသွားသဖြင့် တပ်က ထမ်းစင်နှင့် သွားခေါ်ယူခဲ့ရသည်အထိဖြစ်သည်။

မြစ်ဝကျွန်းပေါ်မှ သိလ္လာခွင်စစ်ဆင်ရေးတွင်လည်း ဒေသခံတိုင်းရင်းသားရွာသားများ၊ လယ်သမားများက ရန်သူဗကပများကို ဝါးထရံစည်းရိုးနှစ်ထပ်ခတ်၊ လင့်စင်များ မနီးမဝေးတစ်စင်ထိုး၊ ကင်းစောင့်၊ လက်ထဲတွင် ရရာလက်နက် တုတ်၊ ဓား၊ ဝါးချွန်၊ လှံ၊ ဒူးလေး စသည်များကိုင်ကာ တပ်မတော်နှင့်အတူ ရန်သူဗကပများ၊ မဒတများကို ဝိုင်းပတ် ပိတ်ဆို့ ဖမ်းဆီးနှိမ်နင်းခဲ့သော သိလ္လာခွင်စစ်ဆင်ရေးသည် ကျော်ကြားလာသည်။

> ★ **ပဲခူးရိုးမတစ်ဝိုက်၊ မြစ်ဝကျွန်းပေါ်တစ်ဝိုက် ပြည်ပအထောက်အပံ့ဖြင့် တိုက်ခိုက်သောင်းကျန်းနေသော ဗကပကွန်မြူနစ်သူပုန်များ၊ တိုင်းရင်းသားလက်နက်ကိုင်သူပုန်မျိုးစုံကို တပ်မတော်က ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြင့် ဖြေရှင်းခဲ့သည်။ အချို့နေရာများတွင် ပြည်သူနှင့် တိုင်းရင်းသားပြည်သူများ ပူးပေါင်းလက်တွဲ တိုက်ခိုက်ဖြေရှင်းနိုင်ခဲ့**

ထို့နောက် ကျုံပျော်၊ ပန်းတနော်၊ ကျောင်းကုန်း၊ အိမ်မဲ လေးမြို့နယ် စုပေါင်း ကရင်–ဗမာ လယ်သမားများ၊ ရွာသားများနှင့် တပ်မတော် လက်တွဲကာ သောင်းကျန်းသူသန်းရှိန်နှင့်အဖွဲ့ကို ဖြိုခွင်းသည့် စစ်ဆင်ရေးကို သတင်းသမားများအား ဖိတ်ခေါ်ပြသရာတွင် (၁၉၆၉ ခုနှစ် နိုဝင်ဘာလ)က ကျွန်တော်(ကြေးမုံ)လိုက်ပါလေ့လာခဲ့သည်။

ရောဝတီမြစ်တွင်းရေကြောင်းမှ နှစ်ထပ်သင်္ဘောကြီးသုံးစင်းဖြင့် ပန်းတနော်၊ ကျုံပျော်၊ အိမ်မဲ၊ ကျောင်းကုန်းမြို့နယ်မှ တပ်နှင့် ပြည်သူ ပူးပေါင်းစစ်ဆင်ရေး လေ့လာခဲ့ရသည်။ ထိုမြို့နယ်များသို့ လှည့်လည်ကာ နှစ်ထပ်စည်းရိုးများကာ၊ လင့်စင်များဆောက်၊ ဓား၊ လှံ၊ လေး၊ မြား၊ ဒူးလေး၊ တုတ်များ ကိုင်ဆောင်ပြီး လင့်စင်များပေါ်တွင် ကင်းစောင့်သူ၊ မြေပြင်တွင် ကင်းလှည့်သူ၊ ရန်သူတွေ့လျှင် ဝိုင်းတိုက်ကြပုံ၊ အရှင်ဖမ်းဆီးကြပုံ၊ တပ်မတော်မှ အရာရှိ၊ အကြပ်၊ တပ်သားများလည်း အရပ်ဝတ် (ရွာသားဝတ်စုံ)များ၊ ဝါးခမောက်များ ဆောင်းထားကြသည်။ မြို့နယ်ကာကွယ်ရေးစခန်းတစ်ခုရောက်တိုင်း သတင်းသမားများက အလှည့်ကျပောပြောကြသည်။ ရွာသူ ရွာသားများကလည်း သူတို့လုပ်ရပ်၊ သူတို့အတွေ့အကြုံ၊ သူတို့အောင်ပွဲများအကြောင်းပါ ပြောကြသည်။ ထိုဒေသတွင် သောင်းကျန်းသူအဖွဲ့ဝင် ဗကပခေါင်းဆောင် သန်းရှိန်ကို ရေကန်တွင်း၌ ကြာဖက်အောက်ပုန်းခိုနေစဉ် လှံနှင့် ထိုးဖမ်းသော ရွာသားများက အသေးစိတ် ရှင်းပြကြသည်။

ပြည်သူနှင့် ကရင်–ဗမာ လယ်သမား ရွာသားများ၏ အောင်ပွဲများဖြစ်၍ ကျွန်တော် ကဗျာနှစ်ပုဒ်ရေးဖြစ်သည်။ မြဝတီမဂ္ဂဇင်းတွင် ၁၉၆၉ ခုနှစ် ဒီဇင်ဘာလထုတ်တွင် ထိုကဗျာများ ဖော်ပြခဲ့သည်။ ပထမတစ်ပုဒ်မှာ "ညီညွတ်သော မြစ်ဝကျွန်းပေါ်"၊ နောက်ကဗျာတစ်ပုဒ်မှာ "မြစ်ဝကျွန်းပေါ် လမ်းကြောင်းအတိုင်းလိုက်ကြ" ကဗျာများဖြစ်သည်။ သတင်းစာ စာမျက်နှာကို ငဲ့ကွက်လိုသော်လည်း တပ်မတော်နှင့် ကရင်လယ်သမား၊ ဗမာလယ်သမား၊ ရွာသားတို့ နိုင်ငံ့အဖျက်ရန် ကာကွယ်အောင်မြင်မှု မှတ်တမ်းကဗျာများဖြစ်၍ အောက်တွင် ထိုကဗျာနှစ်ပုဒ်ကို ဖော်ပြရင်း ကျွန်တော်၏ ဆောင်းပါးကို နိဂုံးချုပ်လိုက်ပါသည်။

### ညီညွတ်သောမြစ်ဝကျွန်းပေါ်

- မိုးစက်မကြွေ၊ နှင်းမဝေသေး
  မြစ်ရေချောင်းစပ်၊ ရေငွေ့လျှပ်၍
  လျှပ်ရစ်ရစ်ဝေ့၊ တမြွေ့မြွေ့နှင့်
  ကမ်းကွေ့တစ်လျှောက် မြူခိုးဝေ။
- ပင်ခြေမခိုင်၊ ညွှတ်ယိုင်ပြိုအိ
  မြေထိထိုးစိုက်၊ အနှံငိုက်သည့်
  တို့စိုက်စပါး၊ လယ်တစ်လွှားတွင်
  ရွှေသားဖြန့်ခင်း၊ ထားယောင်တကား။
- ခါတန်ချိန်သင့်၊ လင့်မှလင့်ရော
  လယ်တောမသွား လယ်သမားတို့
  စပါးမရိတ်နိုင်ကြသေး။
- ညောင့်ထောင်ဆူးကပ်၊ စည်းရိုးခတ်ပြီး၊
  မပြတ်ကင်းချ၊ တပ်မနှင့်တွဲ၊
  တစ်သားတည်းလျှင်၊ ရွာထဲရွာပ၊
  ရှာဖွေကြသည်၊ ဘယ်ကသောင်းကျန်းမှ မခံနိုင်။
  "ငှါအိမ်ဝိုင်းထား၊ စပါးကျီအောက်၊
  မြေတွင်းဖောက်ပြီး၊ တစ်ယောက်ပုန်းနေတယ်ဟေ့"
  "ဒီကိုလာကြ၊ ဒီတောစမှာ
  လလသသ၊ ဥက္ကဋ္ဌကို
  ရင်ဝထိုးသတ်၊ ဇရပ်မီးရှို့
  ဒို့ရွာတစ်ဝှမ်း၊ ဆိုးယုတ်သွမ်းတဲ့
  သောင်းကျန်းသုံးကောင်တွဲကြီးဟေ့"
  "ဒီအင်းထဲမှာ၊ ဝိုင်းလို့ရှာအုံး၊
  ဗေဒါပင်အောက်၊ မျက်ဆန်ခြောက်နဲ့
  တောင်းမှောက်ကျီးနှယ်၊ ကိုးဖွယ်မရ၊
  ငုပ်ပုန်းကြတုန်း၊ လက်ကလှံနဲ့ထိုးဖမ်းလိုက်။"
- ရွာသားချင်းချင်း၊ သတင်းပေးကာ
  ဝိုင်းဖမ်းကာနှင့် ရွာမှာဆိုးသွမ်း
  ယုတ်ကြမ်းရမ်းသည့်၊ သောင်းကျန်းအနွ
  ပြိုကွဲရပြီ၊ မြစ်ဝကျွန်းပေါ် ဒို့အောင်ပွဲ။
- ကရင်ရွာသား၊ လယ်သမားပဲ
  ဘာများကွဲပြားပါသနည်း။
  ဗမာရွာသား၊ လယ်သမားပဲ
  ဘာများကွဲပြားပါသနည်း။
- သောင်းကျန်းမှုဒဏ် အတူခံ၍
  တွန်းလှန်အံကြွ၊ လက်တွဲကြသည်၊
  မြစ်ဝကျွန်းပေါ် ညီညွတ်ရေး။
- ရန်ပြိုရှင်း၍ လယ်ခင်းမှာညံ၊
  ကြွေးကြော်သံဖြင့် အောင်လံလွှင့်ထား၊
  ဒို့စပါးကို လက်စားလိုက်ကာ၊
  ရိတ်သိမ်းလာပြီး ဝမ်းစာပိုသမျှ
  စုရောင်းကြသည်.......
  မြစ်ဝကျွန်းပေါ်သာပြီတကား"။

(၁၉၆၉၊ ဒီဇင်ဘာ)

...............................

### မြစ်ဝကျွန်းပေါ်လမ်းကြောင်းအတိုင်းလိုက်ကြ

- ❖ နှစ်ပေါင်းနှစ်ဆယ်၊ ဒီနယ်ဇာတ်ကြောင်း
  ဖြစ်ရပ်ဟောင်းကို၊ ပြန်ပြောင်းမပြောပါရစေနဲ့တော့။
- ❖ မိဘလည်းဆုံး၊ ရွာလည်းပြုန်းခဲ့
  ပြာကုန်းပေါ်မှာ၊ ကျီးလန့်စာစား
  ဘဝများကို၊ တို့ကားရင်နာမဆုံးပါ။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၅ မှ

အတီးပြိုင်ပွဲတွင် ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲ(ပထမဆု) နှင့် ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲ (တတိယဆု)ရရှိသည့် ဒုတိယ အရာခံဗိုလ် အစားခန့် ဒေါ်တင်ဇာ အေးလွင်တို့က ဆုများလက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ထံ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြား ရေးမှူးရုံး ညွှန်ကြားရေးမှူးက နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြား ရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကို ပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

**ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင် ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ် မြောက် နှစ်ပတ်လည်နေ့ အထိမ်း အမှတ်အဖြစ် မြဝတီတေးဂီတ အဖွဲ့နှင့်အတူ ပြည်သူ့ဆက်ဆံရေး နှင့် စိတ်ဓာတ်စစ်ဆင် ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှု အောက်ရှိတပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင် များ၊ ရုပ်ရှင်နှင့် သဘင်ဂီတအနု ပညာရှင်များ ပူးပေါင်း၍ ဂုဏ်ပြု ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှု အားပေးသည်။ ဖျော်ဖြေတင်ဆက် မှုများအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေး အဖွဲ့များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင် ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ် မြောက် နှစ်ပတ်လည်နေ့ အခမ်း အနား Signing Booth တွင် အမှတ်တရ လက်မှတ်ရေးထိုးကြ ပြီး နှစ်ပတ်လည်နေ့ အထိမ်း အမှတ်အဖြစ် ခင်းကျင်းပြသထား သည့် ပညာရေးပြခန်း၊ အမှတ်(၁) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်ပြခန်း၊ အမှတ် (၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်ပြခန်း၊ အမှတ် (၁) တပ်မတော်အသံလွှင့်တပ် ပြခန်း၊ မြဝတီစာပေတိုက်ပြခန်း၊ မြဝတီသတင်းစာတိုက်ပြခန်းနှင့် ရတနာပုံသတင်းစာတိုက်ပြခန်း တို့ကို လှည့်လည်ကြည့်ရှု၍ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိ လိုသည်များမေးမြန်းပြီး လိုအပ် သည်များ လမ်းညွှန်မှာကြား သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သည် အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေး တပ် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး အခမ်းအနား မှ ပြန်လည်ထွက်ခွာရာ ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများက နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညို မြို့ရှိ အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၌ ကျင်းပသည်။

အခမ်းအနားသို့ စိတ်ဓာတ်ရေးရာနှင့် လူထု ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူး ရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့်



စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက် တပ်၊ ကျောင်းများမှ ထူးချွန်ဆု ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့် ဝန်ထမ်းများ၊ ဖိတ်ကြား ထားသည့် ဧည့်သည်တော်များ တက်ရောက်ကြ သည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ မြဝတီရုပ်မြင်သံကြားတွင် ၁၀ နှစ်တိုင် တာဝန် ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအား ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဆုများကို တစ်ဦးချင်းပေးအပ် ချီးမြှင့်သည်။

ဆက်လက်ပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက မြဝတီစာပေတိုက်တွင် ၁၀ နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ စစ်သည်၊ ဝန်ထမ်းများ၊ မြဝတီ၊ ငွေတာရီ၊ သုတအလင်း မဂ္ဂဇင်းတို့တွင် အကောင်းဆုံး ကာတွန်းဆု၊ ကဗျာဆု၊ ဆောင်းပါးဆု၊ ဝတ္ထုတိုဆုနှင့် ဝတ္ထုရှည်ဆု ရရှိသူများကို လည်းကောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက သဇင် အသံလွှင့်ဌာနတွင် နှစ် ၂၀ တိုင် တာဝန်ထမ်းဆောင် ခဲ့ကြသည့် ဝန်ထမ်းများ၊ မြဝတီသတင်းစာတိုက်နှင့် ရတနာပုံ သတင်းစာတိုက်တို့တွင် ၁၀ နှစ်တိုင် တာဝန် ထမ်းဆောင်ခဲ့ကြသည့်ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တက်ရောက် လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

❖ သောင်းကျန်းသွမ်းမိုက်၊ အမှောင်မိုက်များ
မလိုက်မလျော၊ ရင်မောမောနဲ့
နေသောအခါ၊ ဒို့ရွာလွတ်လမ်း
မှောင်မှာစမ်းသို့၊ ကြက်ကန်းပမာအားပျက်ခဲ့။

❖ သိလ္လာတစ်ခွင်၊ စစ်ဆင်အောင်ကြောင်း
သတင်းကောင်းကြောင့်၊ အပေါင်းပါတို့
လှုံ့ဖြိုးပြည့်နှက်၊ မျှော်လင့်ချက်ဖြင့်
တွဲလက်ဆင့်ကမ်း၊ တောကြမ်းခုတ်ရှင်း
ဒို့ကင်းဒို့စောင့်၊ ဆူးပြောင့်ပလပ်
စည်းရိုးခတ်ကြ၊ တောစပ်တစ်လျှောက်
လင့်စင်ဆောက်ပြီး၊ တစ်ယောက်စောင့်ကြ
ဝါးတွေချွန်မြ၊ လှံ-ဓားမလည်း
လက်ကမချ၊ ကိုင်စွဲကြဟေ့။
ရှေ့ကင်ုပ်လျှို၊ ကျောရိုးများလား
လွတ်မသွားအောင်၊ ကြိုးစားဖမ်းကြ
တောအစရှာ၊ တပ်ကဖြိုခွင်း
ရန်ကိုရှင်းပြီ၊ ဒို့ချင်းလက်တွဲ
တစ်သားတည်းကြောင့်၊ နယ်မြေအေးချမ်းပါပကော။

❖ နယ်မြေအေးပြီး၊ ရုံးညီမကွဲ
လက်တွဲမဖြုတ်၊ အားထုတ်စိုက်ကြ
ဝါယမဖြင့်၊ ရွာဝလမ်းပြင်။

❖ ရွာဝင်ကျောင်းနှင့်၊ ဆေးခန်းဖွင့်စို့
ရေမြင့်ကြာတင့် ဒို့ရွာသစ်။

❖ ကရင်ဗမာ ငါတို့ရွာ၌
နေရာထိုင်ရာ၊ စားရာသောက်ရာ
လုပ်ကိုင်ရာရော၊ စိုက်ရာပျိုးရာ၊ ရန်ဖြိုရာ
ဘယ်မှာမကွဲ၊ တစ်သားတည်းပေါ့
ညီလည်းညီညွတ်ကြပါပေ့။

❖ အိမ်မဲ-ပန်းတနော်
ကျုံပျော် ကျောင်းကုန်း
လေးနယ်လုံး၊ စုရုံးဆင်နွှဲ
ခြိမ့်ခြိမ့်သဲ(သည်း)မျှ
အောင်ပွဲနက်ရှိုင်း၊ သည်သမိုင်းကို
သမိုင်းကမွှည်းတင်ကြစို့။

❖ ပြည်သူညီသော်၊ ရန်မဖော်ဝံ့
ကြွေးကြော်မောင်းထုတ်
ခလုတ်ကန်သင်း၊ သည်နယ်တွင်းမှာ
ရန်ရှင်းပြိုကျ၊ အေးချမ်းရပြီ
မြစ်ဝကျွန်းပေါ် လမ်းကြောင်းအတိုင်းလိုက်ကြလော့။ ။

■

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ (၈၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၁**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ (၈၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ဖိတ်ကြားထားသည့် အထူးဧည့်သည်တော်များ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဤရုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် စာရင်းချုပ်ရုံး၊ ခရိုင်/ မြို့နယ်ဒေသ စာရင်းစစ်ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီရုံးမှ ဝန်ထမ်းများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အနေဖြင့် နိုင်ငံ၏ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုစနစ် တိုးတက်ကောင်းမွန်စေရေးကို ဦးတည်လျက် ခေတ်အဆက်ဆက် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများနှင့်အညီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လာခဲ့သည်မှာ မေ ၁ ရက်တွင် (၈၇) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ မိမိတို့ရုံးအနေဖြင့် အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် စစ်ဆေးရေးလုပ်ငန်းများကို ခေတ်စနစ်နှင့် ကိုက်ညီသည့် စစ်ဆေးရေးစံ၊ စစ်ဆေးရေး နည်းလမ်းများဖြင့် ပြောင်းလဲကျင့်သုံး စစ်ဆေးလျက်ရှိပြီး အထက်အဖွဲ့အစည်းများ၏ တာဝန်ပေးမှုနှင့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ မေတ္တာရပ်ခံမှုအရ စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်ကဏ္ဍတွင် စာရင်းပညာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုံမှန်ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများအပြင် ဘွဲ့လွန်ဒီပလိုမာအဆင့် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများ – IFRS သင်တန်း၊ နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာ စာရင်းစံများ–IPSAS သင်တန်း၊ ဌာနတွင်းစစ်ဆေးခြင်း သင်တန်းများစသည့် သင်တန်းအမျိုးအစားအသစ်များ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ သို့ပါ၍ ရုံးအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်၍ အဖွဲ့အစည်းမှ ချမှတ်ထားသည့် ကျင့်ဝတ်စံတန်ဖိုးများကို လိုက်နာပြီး နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းလွှာ Video Clip ဖွင့်လှစ်ပြသခြင်း၊ အထိမ်းအမှတ်သီချင်းဖြင့် သီဆိုဖျော်ဖြေခြင်းများ ဆောင်ရွက်ကြပြီး ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများက နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အနေဖြင့် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြပွဲနှင့် ပိုစတာပြပွဲကို လှည့်လည်ကြည့်ရှုသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် ဆုများချီးမြှင့်ရွေးချယ်မှု Video Clip ကို ဖွင့်လှစ်ပြသပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့မှ ဆုအမျိုးအစားအလိုက် ဆုရရှိသူ ၁၈၇ ဦးကို ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကာ ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ် အမှာစကားပြောကြား၍ ဝန်ထမ်းများ၊ ဆုရရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး မေတ္တာဥယျာဉ် နေ့ကလေးထိန်းကျောင်း ရင်သွေးငယ်များက ဖျော်ဖြေခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် တေးသီချင်းဖျော်ဖြေရေး အစီအစဉ်များကို ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော်အမျိုးသမီးရေးရာ အဖွဲ့တို့ကြီးမှူး၍ နွေရာသီအခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်



**နေပြည်တော် မေ ၁**

နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအခြေခံကွန်ပျူတာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးသန်းထွန်းဦး၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သီတာဇင်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများနှင့် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်က နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၏ သားသမီးများမှ အခြေခံပညာအလယ်တန်းနှင့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအား နွေရာသီကျောင်းပိတ်ရက်ကာလများအတွင်း အားလပ်ချိန်ကို အကျိုးရှိရှိအသုံးချပြီး အသိပညာဗဟုသုတတိုးပွားစေရန်နှင့် ကွန်ပျူတာနည်းပညာ အခြေခံတတ်ကျွမ်းစေရန် ရည်ရွယ်၍ “နွေရာသီအခြေခံကွန်ပျူတာသင်တန်း”ကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံအတွက် အားထားရသည့် ဗလငါးတန်နှင့် ပြည့်စုံသော ပညာတတ်လူငယ်များဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

နွေရာသီအခြေခံကွန်ပျူတာသင်တန်းကို မေ ၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၏ သားသမီးများမှ အခြေခံပညာအလယ်တန်းအဆင့် (Grade 8၊ 9) ၄၃ ဦးနှင့် အခြေခံပညာအထက်တန်းအဆင့် (Grade 10၊ 11၊ 12) ၄၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၉၀ တက်ရောက်ကြကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း ဒေသစိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းရပ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

# ဆီထွက်သီးနှံအထွက်တိုးတက်ရေး ပံ့ပိုးပစ္စည်းပေးအပ်ပွဲနှင့် နည်းပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ



**ရွှေဘို မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ရွှေဘိုခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ဆီထွက်သီးနှံ အထွက်နှုန်းတိုးတက်ရေး ပံ့ပိုးပစ္စည်းပေးအပ်ပွဲနှင့် နည်းပညာပေး သင်တန်းဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ဆီထွက်သီးနှံ အထွက်နှုန်းတိုးတက်ရေး လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးနည်းစနစ်များနှင့် ခရိုင်မြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံတို့က သက်ဆိုင်ရာဘာသာရပ်အလိုက် သင်တန်းပို့ချခဲ့သည်။ သင်တန်းကို ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း စားဆီဖူလုံရေး၊ နိုင်ငံခြားမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေးနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ အထွက်နှုန်း တိုးတက်ထွက်ရှိရေး၊ နည်းပညာများကို စနစ်တကျ လိုက်နာကျင့်သုံးနိုင်ရေးတို့အတွက် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ရွှေဘို၊ ဝက်လက်၊ ခင်ဦး မြို့နယ်တို့မှ တောင်သူ ၂၅ ဦးနှင့် စိုက်ပျိုးပညာပေးရေး ကွင်းဝန်ထမ်း ၄၀ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသည့် တောင်သူများအား ပံ့ပိုးပစ္စည်းယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

# အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၁

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) နေပြည်တော်၌ကျင်းပရာ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လုပ်ငန်းကော်မတီ ၂၂ ခုမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံဒေသတွင်း စီးပွားရေးနှင့်စပ်လျဉ်းပြီး ၂၀၂၃ ခုနှစ်တွင် ဒေသတွင်းစီးပွားရေးအခြေအနေသည် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းထက် ပိုမိုသာလွန်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင်လည်း ဆက်လက်တိုးတက်ရန် မျှော်မှန်းထားကြောင်း၊ ဒေသတွင်းစီးပွားရေး တိုးတက်မှုအရှိန်ကို ပိုမိုကောင်းမွန်စေရန်အတွက် ဒေသတွင်းထောက်ပံ့မှု ကွန်ရက်(Supply Chain Network)များကို ကမ္ဘာ့ထုတ်လုပ်မှုကွန်ရက် (Global Production Network) နှင့် ချိတ်ဆက်နိုင်ရန် အရေးကြီးကြောင်း၊ ကွန်ရက်များ ချိတ်ဆက်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် အခြားအာဆီယံနိုင်ငံများနှင့် အတူ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက မိမိတို့လုပ်ငန်းအလိုက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ၂၀၂၄ ခုနှစ်တွင် လာအိုနိုင်ငံက အကောင်အထည်ဖော်ရန် ဦးစားပေးစီးပွားရေးလုပ်ငန်းများ (Priorities Economic Deliverables – PEDs) ၁၄ ခုကို ချမှတ်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အေအီးစီအနေဖြင့် ယခုနှစ်တွင် နှစ်အလိုက် အကောင်အထည်ဖော်ရန် လုပ်ငန်း (Annual Priorities –APs) ၁၁၃ ခုကို ချမှတ်ထားကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အေအီးစီ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံက ဒေသတွင်းလုပ်ငန်းများကို လိုက်ပါဆောင်ရွက်ရာ၌ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေးများကိုလည်း အမိအရ ရယူနိုင်ရန်လိုအပ်ကြောင်း၊ ရသင့်သည့် အခွင့်အရေးများ ရရှိနိုင်ရေးအတွက် သေသေချာချာ ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အာဆီယံအနေဖြင့် တစ်ခုတည်းသော ဈေးကွက်နှင့်ထုတ်လုပ်မှု အခြေခံဒေသကို အကောင်အထည်ဖော်ရာတွင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍအလိုက် မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်နိုင်မှု အခြေအနေကို ပြန်လည်လေ့လာ၍ လက်ရှိနိုင်ငံ၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆောင်ရွက်သည့် လုပ်ငန်းများသည် လက်တွေ့ကျကျ အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရန် ကျန်ရှိသည့်လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကိုလည်း ပိုမိုရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိက အကြိမ်(၃၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး၏ ဆွေးနွေးချက်များနှင့် ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် အတွင်းရေးမှူးများဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကော်မတီအလိုက် ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၂၆–၂၀၃၀ အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာရေးဆွဲရေးအတွက် ဆောင်ရွက်မှုအခြေအနေ၊ အနာဂတ်အာဆီယံလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ရန်အတွက် ညှိနှိုင်းဆောင်ရွက်မှုအခြေအနေ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ သုံးသပ်ချက်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဆောင်ရွက်နေသည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ထိထိမိမိ အကောင်အထည်ဖော်ရန်နှင့် အနာဂတ်အာဆီယံလုပ်ငန်းစဉ်များကိုလည်း မျက်ခြည်မပြတ်လိုက်ပါဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ ရပ်တည်ချက်ကို ခိုင်ခိုင်မာမာတင်ပြရန် လိုအပ်ကြောင်း၊ ဒေသတွင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုပါ တစ်ပါတည်းဖြစ်စေမည့် လုပ်ငန်းများကိုလည်း ထည့်သွင်းစဉ်းစားစေလိုကြောင်းနှင့် လုပ်ငန်းအဖွဲ့များက တင်ပြချက်များအပေါ် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စွမ်းအင်ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် စိစစ်သုံးသပ်ခြင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၁

စွမ်းအင်ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် စိစစ်သုံးသပ်ခြင်းအစည်းအဝေးကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ရေနံချက်စက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများနှင့် ရေနံဓာတ်ငွေ့ရည် LPG စက်ရုံများ စက်စွမ်းအား ပြည့်လည်ပတ်နိုင်ရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုများအပေါ် သေချာစွာ စိစစ်သုံးသပ်ပြီး ရှေ့ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရေရှည်အစီအမံများ ချမှတ်၍ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် စိစစ်သုံးသပ်နိုင်ရေး ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

စွမ်းအင်ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကုန်းတွင်းနှင့် ကမ်းလွန်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းများကို မိမိတို့ဝန်ကြီးဌာနမှ ကိုယ်တိုင်ဆောင်ရွက်နေသလို နိုင်ငံတကာရေနံကုမ္ပဏီများနှင့် ပူးပေါင်း၍လည်း ဆောင်ရွက်နေပါကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်းကို သုံးသပ်ကြည့်မည်ဆိုပါက ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေတွေ့ရှိခြင်းမရှိတော့သည်ကို တွေ့ရှိရသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ မြေအသစ် ရှာဖွေတွေ့ရှိနိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဓာတ်မြေသြဇာစက်ရုံများအနေဖြင့်လည်း အကန့်အသတ်ဖြင့် ရရှိသည့် သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာအသုံးပြု၍ အရည်အသွေးပြည့်မီသည့် ဓာတ်မြေသြဇာများ ထုတ်လုပ်နိုင်ရေး လက်ရှိစက်ရုံများ စနစ်တကျပြင်ဆင်မွမ်းမံသွားကြရန် လိုပါကြောင်း၊ ထို့အပြင် မိမိတို့ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် လက်ရှိဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက်ကိုလည်း အစီအမံများချမှတ်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက စွမ်းအင်ဝန်ကြီးဌာန၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ စက်သုံးဆီဖူလုံရေးဆောင်ရွက်နေမှု၊ စနစ်တကျတင်သွင်းသိုလှောင်ဖြန့်ဖြူးမှု၊ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး ဆောင်ရွက်နိုင်မှု၊ ပြည်တွင်းလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နိုင်မှု၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ရေနံချက်စက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများနှင့် ရေနံဓာတ်ငွေ့ရည် LPG စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်နေမှုတို့ကို သုံးသပ်တင်ပြခဲ့ကြပြီး စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်သုံးသပ်ဆွေးနွေးသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ တာဝန်ရှိသူများသည် In person စနစ်ဖြင့်လည်းကောင်း၊ ရေနံမြေ၊ စက်ရုံ၊ အလုပ်ရုံနှင့် ပြည်နယ်/တိုင်း စစ်ဆေးရေးအရာရှိရုံးများ၊ ရေနံမြေတို့မှ တာဝန်ရှိသူများသည် Virtual စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၁

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ရွှေတိဂုံစေတီတော် သမိုင်းအချက်အလက်နှင့်လမ်းညွှန် Shwedagon Pagoda Digital Directory ဖွင့်ပွဲကျင်းပ






**ရန်ကုန် မေ ၁**

ရွှေတိဂုံစေတီတော် သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန် Shwedagon Pagoda Digital Directory ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင်မြောက်ဘက် (ရာဟုထောင့်) အောင်မြေ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် အလှည့်ကျ သဘာပတိ ဦးသောင်းဝင်းတို့က အခမ်းအနားကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိတန်ခိုးကြီးဘုရားစေတီ၊ ပုထိုးများဖြစ်သည့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်၊ ကျိုက်ထိုမြို့ ကျိုက်ထီးရိုးစေတီတော်၊ ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်နှင့် ပုဂံအာနန္ဒာစေတီ၊ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၊ မကွေးမြို့ မြသလွန်စေတီ၊ ပြည်မြို့ ရွှေဆံတော်စေတီနှင့် မြောက်ဦးမြို့ သျှစ်သောင်းဘုရား ကိုးဆူတို့အား Pagoda Digital Directory ပြုလုပ်ထားရှိရေး နိုင်ငံတော်အကြီးအကဲက လမ်းညွှန် မှာကြားခဲ့ပါကြောင်း၊ အဆိုပါ လမ်းညွှန်မှာကြားချက်အရ မြန်မာနိုင်ငံရှိ အထင်ကရဘုရားများအား Pagoda Digital Directory အဖြစ် အဆင့်မြှင့်တင်ပြသနိုင်ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (မကွေး၊ ပြည်၊ တောင်ငူ၊ သထုံ) တို့ပူးပေါင်း၍ Pagoda Digital Directory Web Portal လွှင့်တင်နိုင်ရေး စတင်စီစဉ် ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မေတ္တာရပ်ခံချက်အရ ပဲခူးမြို့ ရွှေမော်ဓောဘုရားကိုပါ ထပ်မံထည့်သွင်း ဆောင်ရွက်ခဲ့သဖြင့် စုစုပေါင်း ၁၀ ဆူကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

**စနစ်တကျထိန်းသိမ်း**

ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့အနေဖြင့် ယခုဖွင့်လှစ်သည့် Pagoda Digital Directory အား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နောက်ထပ်လည်း မူလရည်ရွယ်ထားသည့် ၁၀ ဆူအပြင် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ တန်ခိုးကြီးဘုရားများကိုလည်း ဆက်လက်တပ်ဆင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ရှိ တန်ခိုးကြီးဘုရားများအား ဆက်လက်တပ်ဆင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အဖွင့်မင်္ဂလာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝမ်းမြောက်စကား ပြောကြားပြီး ရွှေတိဂုံစေတီတော်ဆိုင်ရာ Pagoda Digital Directory ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင် ဦးလှမြင့်က လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရွှေတိဂုံစေတီတော် သမိုင်း အချက်အလက်နှင့် ဘုရားဖူးလမ်းညွှန် Station ကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ်ပေးကြပြီး ဘုရားဖူးလမ်းညွှန်အား စမ်းသပ်အသုံးပြုကြကာ ဘုရားဖူးလမ်းညွှန် Shwedagon Pagoda Digital Directory Station ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရွှေတိဂုံစေတီတော် သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန် (Shwedagon Pagoda Digital Directory) ကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်(၈) ရပ်နှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ရင်ပြင်တော်အရပ်လေးမျက်နှာရှိ သတ်မှတ်နေရာအသီးသီးတွင် Station များ တည်ဆောက်၍ အများပြည်သူ စိတ်အေးချမ်းသာစွာ လေ့လာကြည့်ရှုနိုင်ရန် ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့သည် ချမ်းသာကြီး တန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ခေတ်အဆက်ဆက်က မှတ်တမ်းဓာတ်ပုံများ၊ ထူးခြားထင်ရှားနေရာဌာနများနှင့် ကြည်ညိုဖွယ်ရာပုံတော်များကို ဘုရားဖူးလာအများပြည်သူတို့ လေ့လာကြည့်ရှု ကြည်ညိုပူဇော်နိုင်ရန်အတွက် “ လောကကောင်းကျိုးသယ်ပိုးပြည့်စုံ မြတ်ရွှေတိဂုံအမည်ရသည့် ဓာတ်ပုံပြပွဲ” တွင် ပြသထားသည့် ရွှေတိဂုံစေတီတော်သမိုင်း မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် လောကကောင်းကျိုးသယ်ပိုးပြည့်စုံ မြတ်ရွှေတိဂုံ ဓာတ်ပုံပြပွဲကို ယနေ့မှ မေ ၄ ရက်အထိ စေတီတော်ရင်ပြင်မြောက်ဘက် (ရာဟုထောင့်) ချမ်းသာကြီးတန်ဆောင်း၌ နံနက် ၅ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ မြန်မာနိုင်ငံဆိုင်ရာ Chief of Mission ဖြစ်သူ Mr. Dragan Aleksoski နှင့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration– IOM)၏ မြန်မာနိုင်ငံဆိုင်ရာ Chief of Mission ဖြစ်သူ Mr. Dragan Aleksoski နှင့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration– IOM) ၏ Chief of Mission ဖြစ်သူ Mr. Dragan Aleksoski နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအတွက် အကျိုးစီးပွား မြှင့်တင်ကာကွယ်ပေးရန် ဝန်ဆောင်မှုများထောက်ပံ့ပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ရန်စီစဉ်မှုများ၊ ဂုဏ်သိက္ခာရှိသော နိုင်ငံတကာလုပ်သားစုဆောင်းသည့်စနစ် (International Recruitment Integrity System – IRIS) နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများကို ၁၇ ကြိမ်တိုင် ကျင်းပနိုင်ခဲ့ပြီး တက်ရောက်ခဲ့သည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီ ၅၂ ခု ကို အသိပညာပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ပြည်ပရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့်ပတ်သက်၍ ကူညီစောင့်ရှောက်ပေးနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၈၂၆၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၁-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၄-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၈၂၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည် ပြု လူနာသစ် (၂၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၀) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေး ဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၁**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။ **မိုး/ဇလ**

# မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၆ ရက်နေ့မှ နှောင်းတန်ခူးလဆန်း ၈ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များဘေးမဲ့လွှတ်ခြင်း စသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့် တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာ ပျက်ပြား ထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်း လိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စား မူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

## ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် နိုင်ငံတစ်ဝန်း သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေကြောရှာဖွေစက်နှင့် ရေတွင်းတူးစက် ကျွမ်းကျင်စွာအသုံးပြုနိုင်ရေး သင်တန်းဖွင့်ပွဲ တက်ရောက်



နေပြည်တော် ဧပြီ ၁

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ကျင်းပသည့် နိုင်ငံတစ်ဝန်း သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေကြောရှာဖွေစက်နှင့် ရေတွင်းတူးစက် ကျွမ်းကျင်စွာအသုံးပြုနိုင်ရေး သင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့သင်တန်းကို တက်ရောက်လာကြသည့် ဝန်ထမ်းများအနေဖြင့် သန့်ရှင်းသော မြေအောက်သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ မြန်မာနိုင်ငံတွင် အနက် မီတာ ၁၀၀၀ (ပေ ၃၀၀၀)အထိ တူးဖော်အသုံးပြုနိုင်မည့်စက်ယန္တရားများဖြင့် ပထမဦးဆုံး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့် ရေကြောရှာဖွေရေးစက်၊ ရေတွင်းတူးစက်များကို ဝယ်ယူအသုံးပြု၍ ဝန်ထမ်းများအား ကျွမ်းကျင်ပညာရှင်များဖြင့် စာတွေ့၊ လက်တွေ့ပို့ချနိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း။

ဝန်ထမ်းများအနေဖြင့် ရေရရှိရေးအတွက် လေ့ကျင့်သင်ကြားပေးသည့် ပညာရပ်များအပေါ် မူတည်၍ ဆက်စပ်အသုံးပြုမည့် ယာဉ်ယန္တရားများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချဆောင်ရွက်သွားနိုင်ရေး ကြိုးစားလေ့လာသင်ယူသွားကြရန် မှာကြားသည်။

ထို့နောက် သက်ဆိုင်ရာ ကုမ္ပဏီတာဝန်ခံက ရေကြောရှာဖွေရေးစက်နှင့် ရေတွင်းတူးစက် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ဒုတိယဝန်ကြီးက သင်တန်းသားများကို ထောက်ပံ့ငွေများပေးအပ်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရေကြောရှာဖွေရေးစက်နှင့် ရေတွင်းတူးစက်သုံး ပစ္စည်းကိရိယာများနှင့် နည်းပြများ၏ ရေတွင်းတူးစက် လက်တွေ့တူးဖော်သရုပ်ပြသနေမှုကို သင်တန်းသားများနှင့်အတူကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကံဆွယ်ကျေးရွာအုပ်စု မြသုခကျေးရွာအနီး အနောက်ပြက္ခရွှေတောင်တော်ပေါ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ပဉ္စမမြောက် စွယ်တော်မြတ်စေတီသို့ ဖောက်လုပ်ပြီးစီးခဲ့သည့် တောင်တက်မြေသားလမ်း လေးမိုင်ပြီးစီးမှု၊ စွယ်တော်မြတ်စေတီ ပရိဝုဏ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ပြီးစီးမှုနှင့် ထပ်မံဆောင်ရွက်နေသည့်လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြောင်းမြမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

မြောင်းမြ ဧပြီ ၁

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြမြို့၌ ပန်းခင်းစီမံချက်(၃) လုပ်ငန်းများကို မတ် ၃၁ ရက် နံနက်ပိုင်းမှ စတင်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မြောင်းမြမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယလဝကမှူး ဒေါ်တင်နုနှင့် ဝန်ထမ်းများက မြောင်းမြမြို့ မွှေတော်ရှမ်းစု ကျေးရွာအုပ်စု ကညင်ကွင်းကျေးရွာနှင့် ပိုးလောင်းကျေးရွာအုပ်စု ညောင်ချောင်းလေးကျေးရွာရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်း ပျက်စီး၊ ပျောက်ဆုံးများကို အသစ်ပြုလုပ်ပေးခြင်း၊ ရုံးလက်ခံ e-ID စက်အတွင်းရှိ အိမ်ထောင်စုများတွင် နိုင်ငံသားစိစစ်ရေးကတ်နံပါတ် အပေါက်များ ပြန်လည်ဖြည့်သွင်းခြင်း လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မွှေတော်ရှမ်းစု ကျေးရွာအုပ်စု ကညင်ကွင်းကျေးရွာတွင် အသက် ၁၀ နှစ်ပြည့် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၂ ဦး၊ အသက် ၁၈ နှစ်အထက် အမျိုးသမီး နှစ်ဦး၊ မွေးတိုး ၂၅ ဦး၊ သေဆုံး နှစ်ဦးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပိုးလောင်းကျေးရွာအုပ်စု အတွင်းရှိ အသက် ၁၀ နှစ်ပြည့် အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၅၂ ဦးနှင့် အသက် ၁၈ နှစ်အထက် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၉ ဦး၊ မွေးတိုး ၂၃ ဦး၊ သေဆုံး ကိုးဦး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထက်(ဧရာဝတီ)

## ရေးမြို့နယ် ချောင်းတောင် - ကလော့ကြီး မြေသားလမ်းရာနှုန်းပြည့်ပြီးစီး



ရေး ဧပြီ ၁

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၀၂၃ သန်းဖြင့် ဆောင်ရွက်ခဲ့သော ရေးမြို့နယ် ချောင်းတောင်-ကလော့ကြီး မြေသားလမ်း ၁ မိုင် ၁ ဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းမှာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့် ပြီးစီးခဲ့ပြီဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ရေးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့် အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အတွင်း လမ်းတံတားလုပ်ငန်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းစသည်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ၂၈ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၂၄၈၃ ဒသမ ၂၆၄ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

❖

# တံခွန်စိုက်ဆုရအမျိုးသားဘောလုံးအသင်းနှင့် MFF Fit Futsal ချန်ပီယံဆုရ YRG FC ဘောလုံးအသင်းတို့အား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး U – 25 ဘောလုံးပြိုင်ပွဲ(အမျိုးသား)တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဘောလုံးအသင်းနှင့် MFF Fit Futsal League(II) 2023 ချန်ပီယံဆုရ YRG FC ဘောလုံးအသင်းတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ U – 25 အမျိုးသားဘောလုံးအသင်းနှင့် YRG FC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် အကောင်းဆုံးကစားကွက်များ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းက အောင်မြင်မှုရရှိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးဂုဏ်ဆောင် အားကစားသမားများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဂုဏ်ပြုအပ်ပါကြောင်း၊ အောင်မြင်မှုကို ရပ်တန့်မနေဘဲ ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများ ဖြစ်အောင် ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ရန်ကုန်တိုင်းဒေသကြီး U–25 အမျိုးသားဘောလုံးအသင်းနှင့် MFF Fit Futsal League(II) 2023 ချန်ပီယံဆုရ YRG FC ဘောလုံးအသင်းတို့က တံခွန်စိုက်ချန်ပီယံဆုဖလားများကို အပ်နှံကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆုရဘောလုံးအသင်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဘောလုံးအသင်းအုပ်ချုပ်သူများက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး ကျေးဇူးတင်စကားပြောကြားသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်း ကြည့်ရှုစစ်ဆေး



ရန်ကုန် ဧပြီ ၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့က ရန်ကုန်မြို့ရှိ စင်ကာပူ-မြန်မာ သက်မွေး ပညာသင်ကျောင်း (SMVTI)သို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**ပြောကြား**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အထောက်အကူပြုနိုင်မည့် သက်မွေးပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးနှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် မြန်ဆန်စွာ အကျိုးပြုမည့် သင်တန်းများကို ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ယင်းသို့ဆောင်ရွက်ရာတွင် အရည်အသွေးစံနှုန်းများနှင့်အညီ လက်တွေ့လုပ်ငန်းခွင်၌ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရေး လေ့ကျင့်သင်ကြားပေးရန်၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရန်၊ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ ကျောင်းသားများကို ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့သားကောင်း ရတနာများ ဖြစ်စေရေးအလေးထားပျိုးထောင်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စုဝေးခန်းမအတွင်း ကျောင်းသားများ ရေးဖြေစာမေးပွဲဖြေဆိုရန် ပြင်ဆင်ထားရှိမှု၊ အင်ဂျင်နီယာ ဘာသာရပ်ဌာနများရှိ အလုပ်ရုံများတွင် ကျောင်းသားများ လက်တွေ့သင်ခန်းစာများ ဖြေဆိုရန် ပြင်ဆင်ထားရှိမှု၊ ဟိုတယ်နှင့် ခရီးသွားဘာသာရပ် သင်တန်းများတွင် ပြည်ပထုတ်ပစ္စည်းများအစား ပြည်တွင်းထုတ်ပစ္စည်းများဖြင့် အသုံးပြုကာ ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းမှ ဒေသအလိုက်တန်ဖိုးမြှင့် ထုတ်ကုန်ကဏ္ဍ အားပေးမြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းစဉ်များအတိုင်း ကြိုးပမ်းဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ခေတ်မီစာကြည့်တိုက်ဖြစ်စေရေး ဖြည့်ဆည်းဆောင်ရွက်ရန်၊ ဆရာနှင့် ကျောင်းသားများ စာကြည့်တိုက်အသုံးပြုမှုမြှင့်တင်ဆောင်ရွက်ရန် မှာကြားပြီး ကျောင်းဥပဒေရပ် တင့်တယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သန့်ရှင်းသပ်ရပ်သာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ အားကစားကွင်းနှင့် အားကစားပစ္စည်းများ ဖြည့်ဆည်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျိုက်မရောမြို့နယ်၌ သောက်သုံးရေများ လှူဒါန်း

ကျိုက်မရော ဧပြီ ၁

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ကျိုက်မရောမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ရေသယ်ယာဉ်ဖြင့် ရေရှားပါးသောရပ်ကွက်များဖြစ်သည့် အတ္တရံရပ်ကွက်ရှိ ရေလှောင်ကန်နှင့်နေအိမ်များသို့ သောက်ရေဂါလန် ၁၆၀၀ ကို ယနေ့နံနက်ပိုင်းက အခမဲ့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါသောက်သုံးရေများ အခမဲ့ဖြန့်ဝေပေးခြင်းကို မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးတင်သောင်းဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်ငါးဦးတို့က မီးသတ်ရေသယ်ယာဉ် သုံးစီးဖြင့် သောက်သုံးရေရှားပါးလျက်ရှိသည့် အတ္တရံရပ်ကွက်အတွင်းရှိ ရေလှောင်ကန်နှင့် နေအိမ်များသို့ အိမ်တိုင်ရာရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မချို(ပြန်/ဆက်)**




ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၌ ဆိုင်းဘုတ်အသစ်တင် အခမ်းအနားကို ဧပြီ ၁ ရက်က ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးခင်မောင်ဦးတို့က အမွှေးနံ့သာရည်ပက်ဖျန်းစိုက်ထူကြစဉ်။

ကျော်ကျော်(ပြန်/ဆက်)

# တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီး U-25 အမျိုးသားဘောလုံးအသင်းအား ကြိုဆို

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၄ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး U–25 ဘောလုံးပြိုင်ပွဲ(အမျိုးသားပြိုင်ပွဲ)တွင် တံခွန်စိုက်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဘောလုံး အသင်းကို ယနေ့နံနက် ၈ နာရီခွဲက အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ရန်ကုန်-ပြည်လမ်း အ.ထ.က(၈) ကျောင်းရှေ့မှစ၍ ရန်ကုန်လေဆိပ် လမ်းဆုံအထိ ကြိုဆိုခဲ့ကြသည်။




ထိုသို့ ကြိုဆိုရာတွင် အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်၊ မင်္ဂလာဒုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းညွန့်၊ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မြတ်စိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အင်းစိန်မြို့နယ်၊ လှိုင်သာယာ (အရှေ့ပိုင်း၊ အနောက်ပိုင်း)မြို့နယ်၊ ရွှေပြည်သာ၊ မင်္ဂလာဒုံမြို့နယ်တို့မှ ဒေသခံပြည်သူများ၊ အင်းစိန်ခရိုင်ကိုယ်စားပြု ဘင်ခရာအဖွဲ့နှင့် တာဝန်ရှိသူများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဧပြီ ၁

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ဗီယက်နမ်၏ ပင်လယ်စာတင်ပို့မှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရှိခဲ့

ဟန္နိုင်း မေ ၁

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမသုံးလပတ်တွင် ပင်လယ်စာထုတ်ကုန်များ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံနီးပါးရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ရှစ်ရာခိုင်နှုန်း တိုးလာကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်း၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက မေ ၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ပုစွန်တင်ပို့မှုမှာ ဇန်နဝါရီလမှ မတ်လအတွင်း အမေရိကန်ဒေါ်လာ သန်း ၆၈၀ ကျော်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၄ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာထုတ်ကုန်များ အဓိကတင်သွင်းသည့် နိုင်ငံသုံးနိုင်ငံဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်း၏ ဆက်သွယ်ရေးဒါရိုက်တာလီဟန်းက ပြောကြားသည်။

တရုတ်နိုင်ငံသို့ ပုစွန်နှင့် ကဏန်း တင်ပို့မှုနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် ခုနစ်ဆမှ ၁၁ ဆအထိ အသီးသီး တိုးတက်မှုရှိခဲ့ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူက ဆက်လက်ပြောသည်။ ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံအထိရောက်ရှိရန် ခန့်မှန်းထားကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်





## ပါလက်စတိုင်းအစိုးရသစ် ကျမ်းသစ္စာကျိန်ဆို

ရာမာလာ မေ ၁

ဝန်ကြီးချုပ် မိုဟာမက်မူစတာဖာ ဦးဆောင်သော ပါလက်စတိုင်းအစိုးရသစ်သည် မတ် ၃၁ ရက်တွင် အနောက်ဘက်ကမ်းဒေသ၌ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

မူစတာဖာသည် ဝါရင့်သံတမန် Riyad Al-Maliki ထံမှ နိုင်ငံခြားရေးဝန်ကြီးရာထူးကို ရယူမည်ဖြစ်သည်။ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ် ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုပွဲအတွင်း မူစတာဖာက ၎င်း၏အစိုးရသစ်သည် ပါလက်စတိုင်းနိုင်ငံသားအားလုံးအတွက် တာဝန်ထမ်းဆောင်မည်ဟု ကတိပြုခဲ့သည်။ ဂါဇာရှိ ပဋိပက္ခကို အဆုံးသတ်ရေးအတွက် အာရပ်နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း မာမွတ်အဘတ်က ထပ်လောင်းပြောကြားခဲ့သည်။

မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်သည် အစ္စရေးထိန်းချုပ်မှုအောက်မှ လွတ်မြောက်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာရေးပင်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## အစ္စရေးတပ်ဖွဲ့က ရာဖာအား တိုက်ခိုက်ရန်ပြင်ဆင်နေကြောင်း နေတန်ယာဟု ပြောကြား

ဂျေရုဆလင် မေ ၁

အစ္စရေးတပ်ဖွဲ့က ရာဖာအား တိုက်ခိုက်ရန် ပြင်ဆင်နေကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

လက်ရှိအချိန်၌ အီဂျစ်နိုင်ငံတွင် အပစ်အခတ်ရပ်စဲရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြန်လည်စတင်နေသည်။

ရာဖာတွင် တိုက်ခိုက်မှုများမှ လွတ်မြောက်ရေးအတွက် ပါလက်စတိုင်းနိုင်ငံသား တစ်သန်းခန့် ခိုလှုံနေသည်။ မြေပြင်ထိုးစစ်များ စတင်မည်ဆိုပါက ရာဖာရှိ အရပ်သားများ ထိခိုက်သေဆုံးနိုင်ကြောင်း နိုင်ငံအများအပြားက သတိပေးခဲ့သည်။

ဂါဇာဒေသမြောက်ပိုင်းတွင် အငတ်ဘေးနှင့် ကြုံတွေ့နိုင်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ရာဖာတွင် စစ်ဆင်ရေးများ ဆောင်ရွက်ရန် အတည်ပြုခဲ့ပြီးနောက် အစ္စရေးတပ်ဖွဲ့သည် ရာဖာအား တိုက်ခိုက်နိုင်ရန်အတွက် ရှေးဦးစွာ မြို့တွင်းမှ အရပ်သားများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေး စီစဉ်ဆောင်ရွက်နေကြောင်း နေတန်ယာဟုက ထပ်လောင်းပြောကြားသည်။

ဂါဇာဒေသရှိ အယ်လ်ရှီဖာဆေးရုံကို အစ္စရေးတပ်ဖွဲ့က တိုက်ခိုက်ခဲ့ရာတွင် စစ်သွေးကြွ ၂၀၀ ခန့် သေဆုံးကြောင်း နေတန်ယာဟုက ပြောကြားသည်။

လူနာနှင့်ဒုက္ခသည် အရေအတွက် ၃၀၀၀ ခန့်ရှိသည့် ယင်းဆေးရုံအား အစ္စရေးတပ်ဖွဲ့က တိုက်ခိုက်ခဲ့ရာတွင် လူအများအပြား သေဆုံးကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။

အစ္စရေးတပ်ဖွဲ့သည် ဂါဇာရှိ အယ်လ်ရှီဖာဆေးရုံမှ ယင်း၏ တပ်ဖွဲ့ဝင်များကို ယနေ့တွင် ရုပ်သိမ်းလိုက်ကြောင်း ကြေညာခဲ့ပြီး ဂါဇာရှိအကြီးဆုံး ဆေးဘက်ဆိုင်ရာစင်တာ စီးနင်းထားမှုအား အဆုံးသတ်ခဲ့သည်။

ဂါဇာရှိ အကြီးဆုံးဆေးရုံဖြစ်သည့် အယ်လ်ရှီဖာဆေးရုံကို မတ် ၁၈ ရက်တွင် အစ္စရေးတပ်ဖွဲ့က ဒုတိယအကြိမ် ဝင်ရောက်စီးနင်းခဲ့ပြီးနောက် လူနာ အယောက် ၂၀ သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲဂါဘရီယီဆက်က ပြောကြားခဲ့သည်။

ကလေး လေးဦးနှင့် လူနာ ၁၀၀ ကျော်သည် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ပြတ်တောက်ပြီး ဆေးရုံအတွင်း သောင်တင်နေကာ ရေဓာတ်ခန်းခြောက် နေကြသည်ဟု ၎င်းက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လူနာများအား လွှဲပြောင်းပေးနိုင်ရေးနှင့် လူသားချင်း စာနာထောက်ထားမှု စင်္ကြံတစ်ခုတည်ထောင်ရေး တိုက်တွန်းခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေး ၂၀၂၄ ခုနှစ်တွင် ၅ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မည်ဟု ကမ္ဘာ့ဘဏ် ခန့်မှန်း

ဖနောင်ပင် မေ ၁

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ၂၀၂၃ ခုနှစ်တွင် ၅ ဒသမ ၄ ရာခိုင်နှုန်းရှိရာမှ ၂၀၂၄ ခုနှစ်တွင် ၅ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်မှ အကြီးတန်းစီးပွားရေးပညာရှင်တစ်ဦးက မေ ၁ ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် အဓိကအားဖြင့် အထည်ချုပ်ပို့ကုန်၊ ခရီးသွားလာရေး၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေရောင်းဝယ်ရေး နယ်ပယ်များပေါ်တွင် တည်မှီနေကြောင်း သိရသည်။

ကမ္ဘာ့ကုန်သွယ်ရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်းတင်ပို့မှု ပြန်လည်အသက်ဝင်လာခြင်းသည် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေး တိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ အရှေ့အာရှ ပစိဖိတ်ဒေသမှ စီးပွားရေးပညာရှင်အကြီးအကဲ Aaditya Mattoo က အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု နှစ်ခုစလုံးတွင် တရုတ်နိုင်ငံနှင့် နက်နက်ရှိုင်းရှိုင်း ချိတ်ဆက်နေသောကြောင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်သည် တရုတ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဆင်းမှုကို လွယ်ကူချောမွေ့စေမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ၂၀၂၅ ခုနှစ်တွင် ၆ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်မားမည်ဟု ခန့်မှန်းထားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်



## ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ဆားငန်ရေဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၈၂ ဘီလီယံရှိခဲ့

ဟန္နိုင်း မေ ၁

ပြီးခဲ့သည့်ဆယ်နှစ်တာကာလအတွင်း မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ဆားငန်ရေဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၈၂ ဘီလီယံရှိခဲ့ကြောင်း ဗီယက်နမ်ရေအရင်းအမြစ်အင်စတီကျုက ပြောကြားသည်။

လာမည့် ၂၀၃၀၊ ၂၀၄၀ နှင့် ၂၀၅၀ ပြည့်နှစ်များတွင် ဆားငန်ရေဝင်ရောက်မှုကြောင့် စိုက်ပျိုးရေး ကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဗီယက်နမ်ဒေါင် ၇၆ ဒသမ ၄၈၅ ထရီလီယံအထိ ရောက်ရှိလာနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားသည်။

ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း အသီးအနှံ၊ ဆန်စပါးနှင့် စိုက်ပျိုးရေးလုပ်ငန်းများမှ ပျက်စီးဆုံးရှုံးမှု တန်ဖိုးသည် ဗီယက်နမ်ဒေါင် ၇၀ ဒသမ ၁၆၈ ထရီလီယံ ရှိခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ကာလအတွင်း ဆားငန်ရေဝင်ရောက်မှုကြောင့် ဒေသအများအပြားရှိ နေအိမ်နှင့်စိုက်ပျိုးရေးသုံးရေများ လျော့နည်းလာနိုင်ကြောင်း အမျိုးသားမိုးလေဝသစင်တာက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ - တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်



နေပြည်တော် ဧပြီ ၁

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ကို ၂၀၂၄ ခုနှစ် မတ်လအတွင်း မြန်မာနိုင်ငံ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ဆောင်ရွက်ကြသည်။

**ဖော်ထုတ်ဖမ်းဆီးရမိ**

စစ်ဆင်ရေး ကာလအတွင်း ၂၀၂၄ ခုနှစ် မတ် ၂၈ ရက်မှ ၃၁ ရက်အထိ မြန်မာနိုင်ငံ ရှမ်းပြည်နယ် မူဆယ်မြို့သို့ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေသည်ဟု သံသယရှိသူ တရုတ်နိုင်ငံသား ၃၅၂ ဦး (ကျား ၃၃၇ ဦး၊ မ ၁၅ ဦး) နှင့် မြန်မာနိုင်ငံသား ၄၈၆ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသော တရုတ်နိုင်ငံသား ၃၅၂ ဦးကို တရုတ်နိုင်ငံ၌ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပြည်နှင်လွှဲပြောင်းပေးခဲ့ရာ တရုတ်နိုင်ငံသား ၃၀၀ ကို မတ် ၂၉ ရက်တွင်လည်းကောင်း၊ ၃၀ ကို မတ် ၃၀ ရက်တွင်လည်းကောင်း၊ ၂၂ ဦးကို မတ် ၃၁ ရက်တွင်လည်းကောင်း မူဆယ်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်မန့်ဝိန်းဂိတ်မှ တစ်ဆင့် တရုတ်နိုင်ငံရဲတပ်ဖွဲ့သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

**ဆက်လက်ဆောင်ရွက်သွားမည်**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများ တားဆီးတိုက်ဖျက်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၃၆ ဒသမ ၈၂ တန် သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၁

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၃၆ ဒသမ ၈၂ တန် သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၉ ရက် နံနက် ၇ နာရီခွဲတွင် မိုးညှင်းမြို့နယ် ကြာကြီးကွင်းကျေးရွာအနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် နန့်ရင်းကျေးရွာ တောလမ်းအတိုင်း မောင်းနှင်လာသည့် ဆိုင်ကယ် သုံးစီးနှင့် YANG FOND ခြောက်ဘီးယာဉ် သုံးစီးတို့ကို စစ်ဆေးရှာဖွေရာ ဝင်းဇော်၊ ထက်ဝေမိုး၊ ဇော်လင်းထွန်း၊ ညီလင်းအောင်၊ ဝေယံမြင့်၊ ငြိမ်းချမ်း၊ နန်အောင်၊ သန့်ဇင်ဦးနှင့် သောင်းဟန်ငြိမ်းတို့ ကိုးဦးအား ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၃၆ ဒသမ ၈၂ တန်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ရဟန်းသံဃာ နှစ်ပါးအား အကြောင်းအမျိုးမျိုးပြကာ ဒလန်ဟုစွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ်

နေပြည်တော် ဧပြီ ၁

NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်ကြသည့် ပြည်သူအချို့အား အကြောင်းပြချက်အမျိုးမျိုးဖြင့် ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုများ ကျူးလွန်လျက်ရှိသည့်အပြင် ကိုးကွယ်ဆည်းကပ်ရာဖြစ်သော သံဃာတော်များကိုပါ လုပ်ကြံသတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိကြသည်။

ထိုသို့ အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ရာ မတ် ၂၈ ရက် နံနက် ၈ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြို့ကျေးရွာရှိ ဘုန်းကြီးကျောင်း၌ သီတင်းသုံးနေသည့် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဥက္ကဋ္ဌ သက်တော် (၄၇) နှစ် ဝါတော်(၂၅) ဝါအား PDF အမည်ခံအကြမ်းဖက်သမားများက ဒလန်ဟုစွပ်စွဲကာ ဓားဖြင့် ရက်စက်စွာ ထိုးခုတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် ခန္ဓာကိုယ်အပေါ်ပိုင်း ပြတ်ရှထိုးသွင်းဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

အလားတူ မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီခန့်တွင် နတ်မောက်မြို့နယ် မြင်းတဲကြီးကျေးရွာအနီးရှိ မှန်ခြေရင်းတောင်တောရကျောင်း၌ တစ်ပါးတည်း သီတင်းသုံးနေထိုင်သည့် ဆရာတော် ဘဒ္ဒန္တ ပညာစာရ သက်တော်(၅၅) နှစ် ဝါတော်(၁၀)ဝါအား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး မြင်းတဲကြီးကျေးရွာအနီး လမ်းပေါ်၌ တပ်မတော်ယူနီဖောင်း အင်္ကျီနှင့် ရဲတပ်ဖွဲ့ယူနီဖောင်း ဘောင်းဘီတို့အား ဝတ်ဆင်စေကာ ဦးခေါင်းအား သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

**ကျူးလွန်လျက်ရှိ**

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်းမရှိသော အပြစ်မဲ့ ပြည်သူများကိုသာမက ကိုးကွယ်ယုံကြည်ရာဖြစ်သော ရဟန်းသံဃာများကိုပင် အကြောင်းအမျိုးမျိုးပြစွပ်စွဲ၍ သတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိသည်။ ယခုကဲ့သို့ သံဃာတော်များအား အကြောင်းမဲ့ သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၄-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ မတ်လ)(ပထမပိုင်း)
- ၀၉:၁၅ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၀၉:၃၀ ဒါသကြိန် အဆို၊ အကများ
- ၀၉:၄၀ Sports Diary
- ၁၀:၃၀ မြန်မာ့ရိုးရာဝါးလက်မှုပညာ
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၄၇)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၂၅)
- ၁၅:၂၅ Weekly MNL Review
- ၁၆:၃၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၁၀ ဆိုလာစွမ်းအင်မှသည် စိုက်ပျိုးရေဆီသို့
- ၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ မတ်လ)(ဒုတိယပိုင်း)
- ၁၈:၃၅ ဒါသကြိန် အဆို၊ အကများ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၂၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဒါသကြိန် အဆို၊ အကများ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ' (အပိုင်း-၁၆)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'ဝိန်းကြာပက်၌တင်သောရေ' (အပိုင်း-၁၁)

### mitv

- 07:01 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:11 The Recycle Art: Tyre
- 07:27 Don Min Artist
- 07:47 Safari World
- 08:01 News
- 08:26 Asia Updates; Water Recycling (NHK World)
- 08:29 The Four Famous of Bagan
- 08:48 Thingyan Songs & Dances
- 09:01 Ramayana Classic Talk & Discussion (Episode-3)
- 09:20 Commercial Farming to GDP Growth, Cassava Grower
- 09:38 Myanmar Puppeteers (Ogre Dance)
- 09:46 Malikha & Fairy Island
- 10:01 News
- 10:26 Let's venture to a natural wonder

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ဝါးနီးခမောက်ပြုလုပ်နည်း

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
ဟာလာငါးပေါင်းပြုလုပ်နည်း

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
လီဆူရိုးရာစားလေ့ကားတက်ပွဲ

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
သဘာဝကပေးသက်ရှည်ဆေး

**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
လယ်ဝါးလိုတောင်ပေါ်တီးဝိုင်း

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
သဘာဝမိကျောင်းများ ပျော်စံရာမိန်းမလှကျွန်း

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ချိုအိမွှေးတဲ့ကောက်ညှင်းကျည်တောက်

**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
မြူးကြွတေးသံ့ဖြူသကြိန် အပိုင်း(၂)

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
စွန်တောင်ရွာကရေငန်စိမ့်စမ်းများ

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
အရသာရှိသောမွန်ပြည်နယ်ကကျဲကောသီး

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ Economic Review
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၄၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ မတ်လ)(အပိုင်း-၂)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအပြောပြောဇာတ်လမ်းတို 'မမှန်သတင်းပေးခြင်း'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
- ၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၅)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ သင်္ဘောစိုက်ပျိုးနည်းနှင့် သင်္ဘောချဉ်စဝ်ယိုပြုလုပ်နည်း
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ အရိပ်ပမာ(ဇာတ်လမ်း)
- ၁၉:၃၀ Last Day of Wheat Harvest!
- ၂၂:၀၀ LIVE Tour: Seven Sons Farms "Regenerative Agriculture"
- ၂၃:၄၅ Small Farm Rising Family Farm Chores

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၈:၁၀ အချိန်လွန်နောက်တ

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး ဧပြီ ၁**

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားသည်။ ယခင်က တောင်သူစိတ်ကြိုက် မိရိုးဖလာနည်းများအတိုင်း စိုက်ပျိုးခဲ့မှုအပေါ် မျိုး၊ မြေ၊ ရေ၊ နည်း ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် မိုးစပါး ၁၁ တင်း ပိုမိုထွက်ရှိခဲ့သည့်အပြင် ပဲမျိုးစုံ အထွက်နှုန်းတိုးတက်ပြီး တောင်သူများကိုယ်တိုင် စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရရှိလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး စက်မှုလယ်ယာစနစ်ပြောင်းလဲမှုအပေါ် များစွာသက်ရောက်မှုဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အဓိကသီးနှံ ၁၀ မျိုးအနက် ပန်းတိုင်အထွက်နှုန်းခြောက်မျိုး ရရှိထားပြီးဖြစ်သော်လည်း ကျန်ရှိသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရန် မျိုး၊ မြေ၊ ရေ၊ နည်းလမ်းလေးသွယ် ပြည့်စုံကောင်းမွန်စေရေး ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးသီးနှံအလိုက် ဒေသတွင်းစားသုံးမှုဖူလုံစေရေး၊ ပြည်ပတင်ပို့မှုဈေးကွက်ရရှိစေရေးနှင့်အတူ ပန်းတိုင်အထွက်နှုန်းရရှိရေး အထူးအလေးထား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးမှုကြောင့် စိုက်ပျိုးစွမ်းအားနှင့် သီးထပ်စွမ်းအားများ တိုးတက်လာမှုအခြေအနေနှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို Power Point ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက စိုက်စွမ်းအား ပိုမိုတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်က တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် တင်ပြချက်များနှင့်ပတ်သက်၍ အကြံပြုတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သမ္မတမိသားစု ဟိုတယ်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဧပြီ ၁**

သမ္မတမိသားစု ဟိုတယ်သစ်ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံလမ်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်း၊ သမ္မတမိသားစုမှ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ ဦးသိန်းနိုင်နှင့် တာဝန်ရှိသူများက ဟိုတယ်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။




အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒအောင်၊ သမ္မတမိသားစုမှ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးသိန်းဝင်းတို့က မုဒိတာစကားပြောကြားပြီး မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနေအောင်ကိုက ဟိုတယ်ဆိုင်ရာများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြကာ သမ္မတမိသားစု ဟိုတယ်ဒါရိုက်တာအဖွဲ့ဝင် ဦးနေမင်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

**၄၉၁ လုံးကျော်ရှိ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်ကြီးဌာနမှလိုင်စင်ရယူထားသည့် ဟိုတယ်အလုံးရေ ၄၉၁ လုံးကျော်ရှိပြီး အခန်းပေါင်း ၂၄၀၀၀ ကျော်ရှိကြောင်းသိရသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း လေကြောင်းလိုင်းများမှတစ်ဆင့် လာရောက်လည်ပတ်လျက်ရှိသော ပြည်ပခရီးသွားဧည့်သည်များသည် ရန်ကုန်မြို့ရှိဟိုတယ်များ၌ ခရီးသွားဧည့်သည် ၃၆၀၀၀ ကျော်နှင့် မန္တလေးမြို့ရှိ ဟိုတယ်များ၌ ခရီးသွားဧည့်သည် ၁၁၀၀၀ ကျော် တည်းခိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ကျောဖုံးမှ**

ရီးယဲလ်မက်ဒရစ်အသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် ဧပြီ ၉ ရက်မှာ မန်စီးတီးအသင်းနဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဘီဘာအိုအသင်းကတော့ ဧပြီ ၆ ရက်မှာ စပိန်ကိုပါဒယ်ရေးဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မာယော့ကာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။ ဘီဘာအိုအသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် အမှတ်ပေးဇယားအဆင့်(၅)နေရာမှာ ရပ်တည်နေတဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းကို တစ်မှတ်သာ အနေအထားနဲ့ အဆင့်(၄)နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာတော့ ဂျီရိုနာအသင်းက ရီးယဲလ်ဘတ်တစ်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရီးယဲလ်ဆိုစီဒက်အသင်းက အလာဗက်စ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆယ်လ်တာဗီဂိုအသင်းနဲ့ ဗယ်လက်ကာနိုအသင်းတို့ပွဲစဉ်မှာတော့ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

ကမ္ဘာ့အော်တစ်ဇင်နေ့ ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာ့အော်တစ်ဇင်နေ့အထိမ်းအမှတ် အသိပညာပေးဆောင်းပါး

ဆက်လက်ဝဲ (MDevS)

နိုင်ငံသားများ ခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူများအားလုံး တန်းတူညီမျှအပြည့်အဝရရှိစေရန်နှင့် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅)၊ နည်းဥပဒေများ (၂၀၁၇) တို့နှင့်အညီ နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးလျက်ရှိပါသည်။

မသန်စွမ်းသူများအနက် ဉာဏ်ရည်မသန်စွမ်းသူ အော်တစ်ဇင်များ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အများနည်းတူအပြည့်အဝရရှိစေရေးအတွက် ထပ်လောင်းအတည်ပြုပေးခြင်း၊ မြှင့်တင်ပေးခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၀၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ် ဧပြီလ ၂ ရက်နေ့ကို ကမ္ဘာ့အော်တစ်ဇင်နေ့အဖြစ် သတ်မှတ်ပေးခဲ့ရာ ၂၀၂၄ ခုနှစ် ဧပြီလတွင် ၁၇ နှစ် ပြည့်မြောက်မည်ဖြစ်ပါသည်။ ယခုနှစ် ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ "Moving from Surviving to Thriving: Autistic individuals share regional perspectives" ဖြစ်ပါသည်။

**အော်တစ်ဇင်ဆိုတာဘာလဲ**

ဂရိဘာသာဖြင့် aftismós မှ ဆင်းသက်လာပြီး အထီးကျန်သူ၊ တစ်ဦးတည်းနေတတ်သူ၊ ကိုယ့်ကိုယ်ကိုယ်သာ အာရုံစိုက်တတ်သူဟု အဓိပ္ပာယ်ရကြောင်း၊ ဆေးပညာဆိုင်ရာ အခေါ်အဝေါ်အပြည့်အစုံမှာ Autism Spectrum Disorder ဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။ ဦးနှောက်နှင့် အာရုံကြောအစိတ်အပိုင်းများ ဟန်ချက်ညီ မဖွံ့ဖြိုးခြင်းကြောင့် စွမ်းဆောင်ရည်အချို့ ချို့ယွင်းကာ ဉာဏ်ရည်မသန်စွမ်းမှုကို ဖြစ်ပေါ်စေပါသည်။ စိတ်ရောဂါ၊ ကူးစက်ရောဂါမဟုတ်ဘဲ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာ၊ နေရာဒေသ၊ ကျား၊ မ မရွေးခံစားရနိုင်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization)၏ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့ ဖော်ပြချက်အရ ကလေး ၁၀၀ တွင် တစ်ဦးနှုန်းသည် အော်တစ်ဇင်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေ၏ တစ်ရာခိုင်နှုန်း၊ ၇၅ သန်းခန့်သည် အော်တစ်ဇင်များဖြစ်ကြောင်း၊ အော်တစ်ဇင်ဖြစ်မှုနှုန်း နှစ်စဉ်တိုးပွားလာနေကြောင်း၊ အမျိုးသားများသည် အမျိုးသမီးများထက် ဖြစ်နိုင်ခြေပိုများကြောင်း၊ အော်တစ်ဇင်ဖြစ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း၊ မျိုးဗီဇရှိခြင်းတို့နှင့်လည်း သက်ဆိုင်ကြောင်း လေ့လာသိရှိရပါသည်။ သို့ရာတွင် အော်တစ်ဇင်ဖြစ်ရခြင်းအခြားအကြောင်းရင်းများကို ပညာရှင်များက လေ့လာရှာဖွေဆဲဖြစ်ပါသည်။




အော်တစ်ဇင်ကလေးများ၏ စိတ်ခံစားမှု၊ အပြုအမူ၊ အပြောအဆို၊ ပေါင်းသင်းဆက်ဆံရေးစသည်တို့သည် ပုံမှန်မဟုတ်ပါ။ ယင်းအခြေအနေကို သာမန်ဆေးထိုး၊ ဆေးသောက်ဖြင့် ပျောက်ကင်းစေနိုင်ခြင်းမရှိပါ။ ဦးနှောက်၏အလုပ်လုပ်ပုံ မှုမမှန်ခြင်းကြောင့် အာရုံစိုက်မှု၊ တုံ့ပြန်မှုများသည် ကစဉ့်ကလျားဖြစ်နေလေ့ရှိပါသည်။ အဓိကအားဖြင့် လူမှုဆက်ဆံရေးအားနည်းခြင်း၊ စကားပြောနောက်ကျခြင်း၊ နေးခြင်း၊ အပြုအမူတစ်ခုကို ထပ်ကာထပ်ကာ ပြုလုပ်ခြင်းများကို တွေ့ရသော်လည်း တစ်ဦးနှင့်တစ်ဦး ကွာခြားမှုရှိပါသည်။ အချို့သည် အမှီအခိုမလိုဘဲ ရပ်တည်နေထိုင်နိုင်ပြီး အချို့မှာမူ အခြားသူတစ်ဦးဦးအပေါ် လုံးဝမှီခို၍ ရပ်တည်နေထိုင်ကြရပါသည်။

မြန်မာနိုင်ငံတွင် အော်တစ်ဇင်နေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို ၂၀၁၁ ခုနှစ်မှစတင်ပြီး အော်တစ်ဇင်ကလေးများ၏ မိဘများက ဦးဆောင်၍ ကျင်းပခဲ့ပါသည်။ အော်တစ်ဇင်များကို ပြုစုပျိုးထောင်ခြင်း၊ စောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဆိုင်ရာ အသိပညာများကို ပြည်သူလူထုအတွင်း ပိုမိုသိရှိနားလည်စေရန်၊ ဥပဒေပါအခွင့်အရေးများရရှိမှုနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အထူးလိုအပ်ချက်ရှိသော အော်တစ်ဇင်များပါဝင်မှု ပိုမိုသေချာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ယခုနှစ်တွင်လည်း အထိမ်းအမှတ်လှုပ်ရှားမှုများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**အော်တစ်ဇင်၏ လက္ခဏာများ**

အော်တစ်ဇင်လက္ခဏာများကို အသက်နှစ်နှစ်၊ သုံးနှစ်အရွယ်ရောက်မှသာ သိသာထင်ရှားစွာတွေ့မြင်နိုင်သော်လည်း သတိထားစောင့်ကြည့်ပါက လသားအရွယ်ကပင် စောစီးစွာသိရှိနိုင်ပါသည်။ ဥပမာ အသက် သုံးလခန့်ရှိသော ကလေးငယ်ကို ချော့မြှူရာတွင် တုံ့ပြန်မှုမရှိခြင်း၊ အသံထွက်သော၊ လှုပ်ရှားနေသောအရာဝတ္ထုကို မျက်စိရှေ့ပြသရာ လိုက်မကြည့်ခြင်း၊ ခုနစ်လသားအရွယ်တွင် အသံထွက်၍ မရယ်ခြင်း၊ ဗူးမမှုတ်ခြင်း၊ တစ်နှစ်သားခန့်တွင် အဖေ၊ အမေကို မခေါ်တတ်ခြင်းစသည့် အခြေအနေများကို လေ့လာ၍ သိနိုင်ပါသည်။ အသက်တစ်နှစ်ကျော်ပြီးနောက်ပိုင်း မိမိကလေး၏ တတ်ကျွမ်းပြီး ကျွမ်းကျင်မှုများ လျော့နည်းသွားလျှင် သို့မဟုတ် ပျောက်ဆုံးသွားလျှင် ကလေးအထူးကုဆရာဝန် သို့မဟုတ် အော်တစ်ဇင်ကုထုံးပညာရှင် တစ်ဦးဦးနှင့်ပြသကာ စစ်ဆေးသင့်ပါသည်။ ခေတ်မှန်ရိုက်၍လည်းကောင်း၊ ခေတ်ခွဲစမ်းသပ်၍လည်းကောင်း အော်တစ်ဇင် ဖြစ်၊ မဖြစ် မသိနိုင်ပါ။ ကလေးအထူးကုဆရာဝန်၊ အော်တစ်ဇင်ကုထုံးပညာရှင်၊ စိတ်ရောဂါဆရာဝန်တို့ပါဝင်သည့် အော်တစ်ဇင်ဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ဖြင့်သာ စစ်ဆေး၍ အတည်ပြုနိုင်ပါသည်။ ရှေးဦးအရွယ် ကလေးသူငယ်များ ဖွံ့ဖြိုးရေးအခြေအနေကို တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ နည်းဥပဒေ (၂၀၁၇) အရ တာဝန်အပ်နှင်းထားပြီးဖြစ်၍ သက်ဆိုင်ရာနိုင်ငံပိုင်ဆေးရုံကြီးများတွင် သွားရောက်စစ်ဆေးခံနိုင်ပါသည်။

**မြန်မာအော်တစ်ဇင် လူဦးရေ**

မြန်မာနိုင်ငံ၏ အော်တစ်ဇင်ဖြစ်ပွားမှုကို ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းပါ နှစ်စဉ်လူဦးရေတိုးနှုန်းအပေါ် အခြေခံတွက်ချက်ပါက တစ်နှစ်လျှင် ၄၅၇၀ ခန့် ရှိနိုင်ကြောင်း၊ အာဆီယံနိုင်ငံများ၏ လူဦးရေ ၆၂၅ သန်းခန့်တွင် အော်တစ်ဇင်ဦးရေ ခြောက်သန်းခန့်ရှိကြောင်းသိရပါသည်။ မြန်မာနိုင်ငံ၏ အော်တစ်ဇင်အပါအဝင် မသန်စွမ်းသူအမျိုးအစား၊ မသန်စွမ်းမှုအခြေအနေနှင့် လူဦးရေစာရင်းကို သိရှိနိုင်ရေးအတွက် မသန်စွမ်းသူများ မှတ်ပုံတင်ရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်က ဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာ မသန်စွမ်းမှုအမျိုးအစားအလိုက် လိုအပ်သောကျန်းမာရေးနှင့် ပြုစုစောင့်ရှောက်ရေးဆိုင်ရာဝန်ဆောင်မှုများ၊ ပညာရေး၊ အလုပ်အကိုင်နှင့် ကဏ္ဍအသီးသီးကို အားလုံးအကျုံးဝင်လက်လှမ်းမီနိုင်ရေး စီစဉ်ပေးနိုင်မည်ဖြစ်ပါသည်။ အော်တစ်ဇင်များကိုယ့်အားကိုယ်ကိုးရပ်တည်နိုင်ရန်၊ ရပ်ရွာအသိုင်းအဝိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်ရန်၊ လူမှုရေးကူညီမှုများရရှိနိုင်ရန်၊ ဥပဒေအရာတွင် တရားမျှတမှုရရှိနိုင်ရန် စသည့်လိုအပ်ချက်များကိုလည်း ပိုမို၍ ထည့်သွင်းအကောင်အထည်ဖော်ပေးနိုင်မည် ဖြစ်ပါသည်။ အော်တစ်ဇင်လူဦးရေ တိုးပွားလာခြင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အကြား ဆက်စပ်မှုကို သုံးသပ်ဖော်ထုတ်နိုင်ရေး တိကျသည့်ကိန်းဂဏန်းအချက်အလက်များရရှိရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပိုမိုအလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**ပြုစုစောင့်ရှောက်ခြင်း**

အော်တစ်ဇင်ဝေဒနာကို လူမှုပတ်ဝန်းကျင်နှင့် လုံးဝဆက်သွယ်ပြောဆိုခြင်းမရှိသော ပြင်းထန်အဆင့်၊ အများနှင့်မတူဘဲ ထူးခြားစွာတုံ့ပြန်တတ်သော မပြင်းထန်အဆင့်ဟူ၍ အစွန်းနှစ်ဖက်ရှိသော်လည်း အများစုသည် အလယ်အလတ်အဆင့်ဖြစ်ကြပါသည်။ အခြားသူအပေါ် ရာနှုန်းပြည့်မှီခိုရခြင်း၊ တစ်စိတ်တစ်ပိုင်းမှီခိုရခြင်းနှင့် အနည်းငယ်မှီခိုရခြင်း စသည်တို့ကိုအခြေခံပြီး ဉာဏ်ရည်မသန်စွမ်းမှုအခြေအနေကို ခွဲခြားလေ့ရှိပါသည်။ သို့ရာတွင် စနစ်တကျအချိန်ယူ၍ ဆောလျင်စွာ လေ့ကျင့်သင်ကြားပေးပါက အော်တစ်ဇင်ဉာဏ်ရည်မသန်စွမ်းကလေးများ၏ မသန်စွမ်းမှုအဆင့်ကို လျှော့ချနိုင်ပါသည်။ မိဘအုပ်ထိန်းသူများက စိတ်ရှည်သည်းခံ၍ သင်ပြပေးခြင်း၊ အထူးသင်ကြားရေးကျောင်းများသို့အပ်နှံပြီး သင်ကြားစေခြင်း နည်းလမ်းများဖြင့် ပြုစုပျိုးထောင်ပေးနိုင်ပါသည်။

အထူးသင်ကြားရေးကျောင်းများသို့ အပ်နှံသင်ကြားရန် အကြံပြုရခြင်းသည် အော်တစ်ဇင်များကို ခွဲခြားဆက်ဆံခြင်းမဟုတ်ပါ။ နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းကလေးသူငယ်များကို ခွဲခြားဆက်ဆံခံရခြင်းမရှိစေရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအပြင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အော်တစ်ဇင်ကလေးများသည် စကားထစ်ခြင်း၊ အကြောင်းအရာတစ်ခုကို ထပ်တလဲလဲပြောခြင်း၊ အကျိုးအကြောင်းဆီလျော်မှုမရှိဘဲ ပြောဆိုတတ်ခြင်း၊ သမားရိုးကျသင်ကြားမှုကို တုံ့ပြန်မှုအားနည်းခြင်း၊ နားလည်ရန် မလွယ်ကူခြင်း၊ အကြောင်းမဲ့ မကြာခဏရယ်တတ်ခြင်း၊ ငိုတတ်ခြင်း၊ မိမိပြောလိုသည်ကို ဆရာများ၊ အတန်းဖော်များ နားလည်အောင် မပြောတတ်၊ ရှင်းမပြတတ်ခြင်း၊ ဆရာများနှင့် မျက်လုံးချင်းဆုံအောင် မကြည့်တတ်ခြင်း၊ ခန္ဓာကိုယ်လှုပ်ရှားမှုများကို လိုက်မလုပ်တတ်ခြင်း၊ အခြားအတန်းဖော်များနှင့် ဆော့ကစားမှု၊ ပေါင်းသင်းဆက်ဆံမှု မလုပ်နိုင်ခြင်း၊ ဆူညံသံများ၊ မျက်စိရှုပ်မှုများ တွေ့ကြုံရပါက စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ စွဲလမ်းစိတ်ရှိ၍ အခြားအတန်းဖော်များနှင့် ပစ္စည်း၊ ကစားစရာများလုခြင်း၊ စိတ်ဝင်စားသည့်အရာတစ်ခုကိုသာ အာရုံစူးစိုက်တတ်ခြင်းတို့ကြောင့် သင်ကြားမှုတွင် အခက်အခဲရှိနိုင်၍ အကြံပြုရခြင်းဖြစ်ပါသည်။

**အထူးကျောင်းများ**

လူမှုဝန်ထမ်းဦးစီးဌာနတွင် မသန်စွမ်းမှုအမျိုးအစားများအလိုက် သင်ကြားနိုင်သည့် ကျောင်းများနှင့် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတစ်ခု ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။ ပုဂ္ဂလိကမသန်စွမ်းဂေဟာ ၁၂ ခုကိုလည်း နည်းပညာနှင့် ငွေကြေးထောက်ပံ့ပေးလျက်ရှိပါသည်။ အခြားသူသို့ တစ်စိတ်တစ်ပိုင်းနှင့် အနည်းငယ်သာ မှီခိုရသည့်(Mild အဆင့်) အော်တစ်ဇင်ကလေးများကို အစိုးရနှင့် ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ၊ အခြေခံပညာကျောင်းများတွင် လက်ခံသင်ကြားပေးလျက်ရှိပါသည်။ ရန်ကုန်နှင့် အခြားမြို့ကြီးအချို့ရှိ အော်တစ်ဇင်ကလေးများအတွက် အထူးသင်ကြားရေးကျောင်းများတွင်လည်း တက်ရောက်နိုင်ပါသည်။

**စာမျက်နှာ ၁၇ သို့**

**"အော်တစ်ဇင်ဝေဒနာကို လူမှုပတ်ဝန်းကျင်နှင့် လုံးဝဆက်သွယ်ပြောဆိုခြင်းမရှိသော ပြင်းထန်အဆင့်၊ အများနှင့်မတူဘဲ ထူးခြားစွာတုံ့ပြန်တတ်သော မပြင်းထန်အဆင့်ဟူ၍ အစွန်းနှစ်ဖက်ရှိသော်လည်း အများစုသည် အလယ်အလတ်အဆင့်ဖြစ်ကြပါသည်။ အခြားသူအပေါ် ရာနှုန်းပြည့်မှီခိုရခြင်း၊ တစ်စိတ်တစ်ပိုင်းမှီခိုရခြင်းနှင့် အနည်းငယ်မှီခိုရခြင်း စသည်တို့ကိုအခြေခံပြီး ဉာဏ်ရည်မသန်စွမ်းမှုအခြေအနေကို ခွဲခြားလေ့ရှိပါသည်။ သို့ရာတွင် စနစ်တကျအချိန်ယူ၍ ဆောလျင်စွာလေ့ကျင့်သင်ကြားပေးပါက အော်တစ်ဇင်ဉာဏ်ရည်မသန်စွမ်းကလေးများ၏ မသန်စွမ်းမှုအဆင့်ကို လျှော့ချနိုင်ပါသည်။ မိဘအုပ်ထိန်းသူများက စိတ်ရှည်သည်းခံ၍ သင်ပြပေးခြင်း၊ အထူးသင်ကြားရေးကျောင်းများသို့အပ်နှံပြီး သင်ကြားစေခြင်းနည်းလမ်းများဖြင့် ပြုစုပျိုးထောင်ပေးနိုင်"**

✪ စာမျက်နှာ ၁၆ မှ

ယင်းကျောင်းများတွင် Therapists for Speech, Language, Occupational and Behavior Therapists စသည့်ဘာသာရပ်အလိုက် ကျွမ်းကျင်သူများဖြင့် ကလေးများ၏သင်ယူနိုင်မှု ပိုမိုအဆင်ပြေစေရန်နှင့် ဉာဏ်ရည်မသန်စွမ်းမှု လျော့ပါး သင်ကြားပေးနေကြောင်း၊ ကျွမ်းကျင်နားလည်သော အထူးကုဆရာဝန်များဖြင့် စစ်ဆေး၍ လိုအပ်သော လေ့ကျင့်ပြုစုမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း လေ့လာသိရှိနိုင်ပါသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည်အော်တစ်ဇင်ကလေးများ အပါအဝင် မသန်စွမ်းသူများကို ပြုစုပျိုးထောင်ရေးဆိုင်ရာ လက်တွေ့နည်းပညာများနှင့် သင်ထောက်ကူပစ္စည်းများရရှိရေး၊ အရွယ်ရောက်သောမသန်စွမ်းသူများအတွက် Vocational Training Center များတွင် သင်ကြားနိုင်ရေး၊ သင်ကြားပေးမည့် နည်းပြဆရာများကို မွေးထုတ်နိုင်ရေးတို့အတွက် မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)ကို ရေးဆွဲကာ မျှော်မှန်းရလဒ်များ သတ်မှတ်ပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအား ဆောင်ရွက်စေလျက်ရှိပါသည်။ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိရာ မသန်စွမ်းအမျိုးအစားအလိုက် လူဦးရေ၊ အသက်အပိုင်းအခြား၊ နေထိုင်ရာဒေသအလိုက် တိကျသည့်ကိန်းဂဏန်းများရရှိပါက ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များကို အားလုံးလက်လှမ်းမီရရှိအောင် ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

**အော်တစ်ဇင်အသင်းအဖွဲ့များ**

၂၀၁၅ ခုနှစ် မသန်စွမ်းသူများ အခွင့်အရေး ဥပဒေအရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်တွင် ဉာဏ်ရည်မသန်စွမ်းသူများ၏ မိဘများပါဝင်ပြီး မိတ်ဖက်မသန်စွမ်းသူအသင်းအဖွဲ့များနှင့်လက်တွဲကာ မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထည့်သွင်းဖော်ဆောင်နေပါသည်။ အသင်းချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ အမျိုးသားကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများဖြင့် မသန်စွမ်းသူများအသင်းအဖွဲ့များ၏ ဦးဆောင်အဖွဲ့အစည်းအဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံမသန်စွမ်းသူများဖိုရမ် (ASEAN Disability Forum) ၏ အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်ကို ရွေးကောက်စေလွှတ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ASEAN Autism Workshop and Congress အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံအထွေထွေအတွင်းရေးမှူးရုံးနှင့် အာဆီယံနိုင်ငံများမှ အော်တစ်ဇင်အသင်းများပူးပေါင်း၍ ကျင်းပခဲ့ကြောင်း၊ ယင်းဆွေးနွေးပွဲတွင် အော်တစ်ဇင်ဆိုင်ရာ အာဆီယံမူဝါဒများ ချမှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ဉာဏ်ရည်မမီသူများ၏မိဘများ စုပေါင်းဖွဲ့စည်းထားသော (Family Support Network) အသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း၊ အာဆီယံ အော်တစ်ဇင်ကွန်ရက် (ASEAN Autism Network–AAN)ကို အာဆီယံနိုင်ငံများမှသုံးဦးစီဖြင့် ရွေးချယ်၍ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့က ဖွဲ့စည်းခဲ့ကြောင်း၊ မြန်မာအော်တစ်ဇင်အသင်းမှ ကိုယ်စားလှယ်များပါဝင်ကြောင်း လေ့လာသိရှိရပါသည်။

**ထင်ရှားသည့်အော်တစ်ဇင်များ**

အော်တစ်ဇင်ကလေးအချို့သည် သာမန်ကလေးများထက် ဉာဏ်ရည်ထက်မြက်သည့် အထောက်အထားများရှိပါသည်။ နယ်ပယ်အသီးသီးက ထင်ရှားသောပုဂ္ဂိုလ်များဖြစ်သည့် Albert Einstein (သိပ္ပံနှင့်သင်္ချာ)၊ Anthony Hopkins (သရုပ်ဆောင်)၊ Bobby Fischer (စစ်တုရင်ချန်ပီယံ)၊ Bill Gates (Microsoft ထူထောင်သူ)၊ Sir Isaac Newton (သိပ္ပံ၊ သင်္ချာနှင့် နက္ခတ္တဗေဒ)၊ Elon Musk (စွန့်ဦးတီထွင်သူ)စသည်တို့သည် အော်တစ်ဇင်များ ဖြစ်ကြပါသည်။ သို့ဖြစ်၍ အော်တစ်ဇင်ကလေးများကို မိမိပတ်ဝန်းကျင်တွင် တွေ့ရှိပါက ပစ်ပယ်ထားခြင်း၊ ခွဲခြားဆက်ဆံခြင်းမပြုဘဲ ဖေးမကူညီခြင်း၊ ပံ့ပိုးပေးခြင်း၊ နွေးထွေးစွာဆက်ဆံခြင်း၊ မှန်ကန်သောအပြုအမူ၊ အလေ့အထများဖြင့် နေထိုင်တတ်ရန် သင်ကြားပြသပေးခြင်းဖြင့် ဉာဏ်ရည်မသန်စွမ်းသူအော်တစ်ဇင်ကလေးများသည် အများနည်းတူ နေထိုင်ပြုမူနိုင်ပြီး အနာဂတ်၏ လူသားအရင်းအမြစ်များအဖြစ် အားကိုးနိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ ဉာဏ်ရည်မသန်စွမ်းသူ အော်တစ်ဇင်များ၏ဘဝ စဉ်ဆက်မပြတ်တိုးတက်စေရေး၊ အများနည်းတူ နေထိုင်ရပ်တည်နိုင်ရေးတို့အတွက် ကူညီစောင့်ရှောက်ကြပါ၊ အော်တစ်ဇင်များအတွက် တိုးတက်သည့် ဆေးပညာရပ်များကို အသုံးပြုနိုင်ရေး ဆေးသုတေသနလုပ်ငန်းများ ပိုမိုပြုလုပ်သွားကြပါ၊ အော်တစ်ဇင်များ၏ စွမ်းဆောင်နိုင်မှုများကို ချီးမြှင့်အသိအမှတ်ပြုကြပါ၊ ယခင်က အော်တစ်ဇင်တစ်ဦးချင်း အသက်ရှင်သန်နိုင်ရေးအတွက် ရုန်းကန်ရသည့်အခြေအနေမှ တိုးတက်ကြီးပွားသည့်အခြေအနေသို့ မြှင့်တင်ပေးနိုင်ရေး ဉာဏ်ရည်မသန်စွမ်းသူအော်တစ်ဇင်များ၏ မိဘများမှသည် အစိုးရမဟုတ်သည့်အသင်းအဖွဲ့များ၊ ပြည်သူများအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

❍ MNL Cup မှ

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲဆက်အနိုင်ရထားသည့် ရတနာပုံအသင်းသည် နောက်ကျဂိုးများဖြင့် အား/ကာသိပ္ပံအသင်းကို အရေးနိမ့်ခဲ့ပြီး ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ အား/ကာသိပ္ပံအသင်းသည် ပထမဆုံးပွဲတွင် သရေကျခဲ့သော်လည်း နှစ်ပွဲဆက်အနိုင်ရခဲ့သဖြင့် အုပ်စုထိပ်ဆုံးနေရာ ရယူနိုင်ခဲ့သည်။ နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး မိနစ် ၉၀ အထိ ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း အား/ကာသိပ္ပံအသင်းက နာကျင်အချိန်ပိုတွင် သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**သွင်းယူ**

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ရက္ခပူရယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးကို ၉၀+၁ မိနစ်တွင် တိုက်စစ်မှူး နိုင်ဇင်ထက်က သွင်းယူခဲ့သည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက ဟံသာဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် ပွဲအစ ၁၀ မိနစ်တွင် ရာဇာအောင်သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ နာမည်ကြီး ဟံသာဝတီအသင်းသည် မထင်မှတ်ဘဲ ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရပြီးထိပ်ဆုံးနေရာမှ ဖယ်ပေးခဲ့ရသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက် အသင်းက ငွေကြယ်ပွင့်အသင်းကို ကိုးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားအသင်းအတွက် အနိုင်ဂိုးများကို နှစ်မိနစ်တွင် သူရမင်းနိုင်၊ ၂၇ မိနစ်တွင် သက်ပိုင်စိုး၊ ၅၆ မိနစ်တွင် ဝေယံဖြိုး၊ ၆၃ မိနစ်တွင် ဇေယျာနိုင်၊ ၆၇၊ ၇၅ မိနစ်တွင် ပီတာအောင်ဝေထူး၊ ၆၉ မိနစ်တွင် မျိုးဇော်ဦး၊ ၈၁၊ ၈၃ မိနစ်တွင် လင်းလင်းအောင်တို့က သွင်းယူခဲ့သည်။ ငွေကြယ်ပွင့်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၅ မိနစ်တွင် သက်ဝေထွန်းက သွင်းယူခဲ့သည်။

**အုပ်စုပွဲစဉ်(၄)အပြီး**

အုပ်စုပွဲစဉ်(၄)အပြီးတွင် အုပ်စု (က)၌ ရန်ကုန်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့က သုံးပွဲကစား ကိုးမှတ်စီ၊ GFA အသင်းက လေးပွဲကစား ခြောက်မှတ်၊ တက္ကသိုလ်အသင်းက လေးပွဲကစား သုံးမှတ်၊ ရွှေပြည်သာအသင်းက လေးပွဲကစား ပွဲတိုင်းရှုံးကာ ရမှတ်မရသေး၊ အုပ်စု(ခ)၌ ရှမ်းယူနိုက်တက်အသင်းက သုံးပွဲကစား ကိုးမှတ်၊ ရခိုင်ယူနိုက်တက်နှင့် ကချင်ယူနိုက်တက်အသင်းတို့က သုံးပွဲကစား ခြောက်မှတ်စီ၊ Glory Goal အသင်းက သုံးပွဲကစား သုံးမှတ်၊ Rainbow အသင်းက လေးပွဲကစား ပွဲတိုင်းရှုံးကာ အမှတ်မရသေး၊ အုပ်စု(ဂ)၌ ဒဂုံစတားအသင်းက သုံးပွဲကစား ကိုးမှတ်၊ ဟံသာဝတီအသင်းနှင့် ရောဝတီအသင်းတို့က သုံးပွဲကစား ခြောက်မှတ်စီ၊ Dagon Port အသင်းက သုံးပွဲကစား သုံးမှတ်၊ ငွေကြယ်ပွင့်အသင်းက လေးပွဲကစား ပွဲတိုင်းရှုံးကာ အမှတ်မရသေး၊ အုပ်စု(ဃ)၌ အား/ကာသိပ္ပံအသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ရတနာပုံအသင်းက သုံးပွဲကစား ခြောက်မှတ်၊ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းက သုံးပွဲကစား လေးမှတ်စီ၊ ရက္ခပူရယူနိုက်တက်အသင်းက လေးပွဲကစား တစ်မှတ်ရရှိထားသည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - MNL

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၅၀ | ၂၈၃၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၀ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၀ | ၂၉၆၀ | ၂၉၈၅ | ၂၉၇၀ | ၂၉၄၅ | ၃၀၄၅ | ၃၀၆၀ | ၂၉၅၀ | ၂၉၇၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၂၃၀ | ၃၄၁၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၅ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၈ | ၂၇၅၅ |
| 95 Ron | ၂၇၈၂ | ၂၈၇၁ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၃၂၈ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၈ | ၂၄၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မြောင်းမြမြို့နယ်၌ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အမည်ဆိုင်းဘုတ်တင်ခြင်း အခမ်းအနားကျင်းပ

မြောင်းမြ မေ ၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အမည်အား မူလအမည်ဖြစ်သည့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအမည်သို့ ပြောင်းလဲ၍ ဆိုင်းဘုတ်တင်ခြင်းကို ယနေ့နံနက် ၈ နာရီခွဲက ကျင်းပသည်။

ဦးစွာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အမည်သို့ပြောင်းလဲအသုံးပြုခြင်း အထိမ်းအမှတ်အနေဖြင့် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပရိတ်တရားတော်နာယူခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ ရုံးဆိုင်းဘုတ်ဖွင့်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနော်မိုင်လှကြည်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆိုင်းဘုတ်အား အမွှေးနံ့သာများ ပက်ဖျန်း၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **ဝေဝေ(မြောင်းမြ)**



# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနည်းပြသင်တန်းဖွင့်ပွဲ တက်ရောက်

**ပုသိမ် မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံ စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် သင်တန်းသား ဆရာ ဆရာမများ တက်ရောက်ကြ သည်။



**ပို့ချသွားမည်**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြောင်းအမျိုးမျိုးကြောင့် ငယ်စဉ်က မူလတန်း ပညာကို ပြီးဆုံးအောင် မသင်ကြားခဲ့ရသူများနှင့် ကျောင်းမနေခဲ့ရသည့် စာမတတ်သူ ကျေးလက် ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်စေရန်အတွက် စာတတ်မြောက်ရေး လုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အခြေခံစာတတ် မြောက်ရေးလုပ်ငန်းဗဟိုအဆင့် နည်းပြသင်တန်း တက်ရောက်ခဲ့သည့် ဆရာ ဆရာမများက တိုင်းဒေသ ကြီးအဆင့် ဆင့်ပွားသင်တန်းကို ပို့ချသွားမည်ဖြစ်ပြီး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများကိုလည်း ဆက်လက်ပို့ချသွားမည်ဖြစ်ပါကြောင်း၊ ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို မေ ၈ ရက်မှ မေ ၁၉ ရက်အထိ သက်ဆိုင်ရာစခန်းအသီးသီးရှိ စာသင်ဝိုင်း ၁၇၇၁ ဝိုင်းတွင် စာသင်သား ၂၅၀၁၆ ဦး အား ဆရာ ဆရာမ ၁၇၇၁ ဦး၊ ကြီးကြပ် ၂၁၇ ဦးတို့က ရက်ပေါင်း ၄၀ ကြာ တစ်နေ့လျှင် ပျမ်းမျှ သုံးနာရီနှုန်း ဖြင့် နာရီပေါင်း ၁၂၀ သင်ကြားပို့ချသွားမည်ဖြစ်ပါ ကြောင်း၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ စေတနာရှင်လုပ်အားပေးများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြား ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြ သင်တန်းတက်ရောက်လာသော သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ် ချီးမြှင့်ခဲ့ပြီး သင်တန်းသား ဆရာ ဆရာမများက လိုအပ်ချက်များ တင်ပြကြရာ တိုင်းဒေသကြီး ပညာရေးမှူးက ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။ တိုင်းဒေသကြီးအဆင့် အခြေခံစာတတ်မြောက်ရေး ဆင့်ပွားသင်တန်းကို မေ ၁ ရက်မှ ၃ ရက်အထိ သုံးရက်ကြာ သင်တန်းသား ၁၄၀ အား သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဇီးကုန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အခြေခံအေရိုးဗစ်သင်တန်း ဖွင့်လှစ်

**ဇီးကုန်း မေ ၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် အမျိုးသမီး ရေးရာအဖွဲ့၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ ကျန်းမာ၊ ကြံ့ခိုင်၊ သန်စွမ်းသော လူငယ် များ ပေါ်ထွန်းလာစေရန်၊ အားကစားကို ချစ်မြတ်နိုးတတ်စေရန်နှင့် နွေရာသီကျောင်းပိတ်ရက်၌ အချိန်ကိုအကျိုးရှိစွာ ကုန်ဆုံးစေရန် ရည်ရွယ်၍ မြို့နယ်အားကစားခန်းမ၌ အခြေခံအေရိုးဗစ်နှင့် မြန်မာ့ သိုင်းသင်တန်းကို ဖွင့်လှစ်ခဲ့သင်ကြားပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

အဆိုပါသင်ကြားနေမှုများကို မေ ၁ ရက်က နတ်တလင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းစိုး၊ ဇီးကုန်းမြို့နယ် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ကေခိုင်နှင့် အဖွဲ့ဝင်များက သင်တန်း တက်ရောက်နေမှုအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ အေရိုးဗစ်သင်တန်း၌ အားကစားနည်းပြ ဒေါ်မာမာစန်းနှင့် ဆရာမ နှစ်ဦးက အေရိုးဗစ်ကကွက်များ၊ myanmar fitness dance များကို မတ် ၂၈ ရက်မှ မေ ၆ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသူ ၄၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေပြည်တော်တွင် ဌာနဆိုင်ရာ သင်္ကြန်ယိမ်းအဖွဲ့များ သင်္ကြန်အကအလှများ ဇာတ်တိုက်လေ့ကျင့်လျက်ရှိ

**နေပြည်တော် မေ ၁**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဌာနဆိုင်ရာများအလိုက် သင်္ကြန် ယိမ်းအဖွဲ့များဖြင့် သင်္ကြန်အက အလှများ ဇာတ်တိုက်လေ့ကျင့်နေ ကြပြီဖြစ်သည်။



**ရိုက်ကူးရေးဆောင်ရွက်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မှလည်း “ခါသင်္ကြန်အဆိုအက” အစီအစဉ်ကို ယခင်နှစ်များ နည်းတူ တင်ဆက်နိုင်ရေး သင်္ကြန် ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက နေပြည်တော် ကောင်စီကိုယ်စားပြုသင်္ကြန်ယိမ်း အဖွဲ့များသည် နေပြည်တော် တပ်ကုန်းရှိမြန်မာ့အသံနှင့် ရုပ်မြင် သံကြားသို့ လာရောက်၍ “ဖွံ့ဖြိုး ဝေစည် နေပြည်တော်ကောင်စီ”၊ “ပိတောက် လက်ဆောင်”နှင့် “မြူမှောင်ဝေကင်း” တေးသီချင်း သုံးပုဒ်ဖြင့် ရိုက်ကူးခဲ့ကြပြီး မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား စိန်ရတု ပြတိုက်သို့ ဝင်ရောက်ကြည့်ရှု လေ့လာကြသည်။

ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ဝန်ထမ်း ၂၀ ပါဝင်သည့် ယိမ်းအဖွဲ့ များသည် ၎င်းတို့၏ ဌာနတွင် သင်္ကြန်တေးသီချင်းဖြင့် အက တိုက် လေ့ကျင့်လျက်ရှိရာ မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားမှ သွားရောက် သတင်းရယူ ရိုက်ကူး ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၌ စာအုပ်လှူဒါန်းပွဲ ကျင်းပ




**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်ဆိုးတန်းလမ်း ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၌ စာအုပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စာရေးဆရာရွှေအိုလတ် မြန်မာပြန်ဆို ရေးသားသော “ဟေဒါအလီယက်အဇာဘိုင်ဂျန်၏ မကြွေသည့်ကြယ်” စာအုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို အလှူရှင် ဦးကိုကိုလတ် (ရွှေအို လတ်) K K Business Group က ရှင်းလင်းပြောကြားပြီး စာအုပ်များကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက လက်ခံ ရယူသည်။

**အောင်မြင့်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## တိုက်ကြီးမြို့နယ်၌ မြေစာရင်းဦးစီးဌာန ဆိုင်းဘုတ်တင်

**တိုက်ကြီး မေ ၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မြေစာရင်းဦးစီးဌာန ဆိုင်းဘုတ်တင်ခြင်း အခမ်း အနားကို ယနေ့နံနက် ၆ နာရီခွဲက မြို့နယ်မြေစာရင်း ဦးစီးဌာနရုံး၌ ကျင်းပသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနအမည်မှ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အမည်သို့ မေ ၁ ရက်မှစတင်၍ ပြောင်းလဲပြင်ဆင်ခြင်းဖြစ်သော တိုက်ကြီးမြို့နယ် မြေစာရင်းဦးစီးဌာန အမည်ဖြင့် ဆိုင်းဘုတ်တင်ခြင်း အခမ်းအနားကိုကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ဌာနဆိုင်ရာ တာဝန် ရှိသူများက တိုက်ကြီးမြို့နယ် မြေစာရင်းဦးစီးဌာန ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိဦးဇော် ဝင်းထွဋ်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၆၁) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် မေ လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

စ - ၁၆၁၈၈၈

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ဇ - ၇၇၂၇၁၂

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဇ - ၃၇၅၅၉၄

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ဇ - ၂၇၅၃၉၆ | ဇ - ၄၉၄၂၁၈ |
| င - ၂၈၁၀၄၁ | ဇ - ၈၁၁၀၇၈ |

ကံထူးရှင်(၄)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| ဇ - ၃၂၅၂၇၃ | ဃ - ၅၅၀၆၈၄ |
| ဈ - ၄၃၄၀၉၅ | စ - ၆၆၂၉၆၂ |
| ဂ - ၄၆၄၅၃၇ | က - ၉၀၆၂၀၆ |
| ဈ - ၅၄၅၈၅၆ | |

ကံထူးရှင်(၇)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| င - ၁၇၇၃၂၃ | ဈ - ၅၁၂၄၅၆ | ဂ - ၈၄၄၅၄၀ |
| ဂ - ၂၂၄၉၇၁ | ခ - ၅၁၇၄၉၅ | ဃ - ၉၇၁၉၈၆ |
| ဃ - ၃၇၆၆၁၀ | င - ၆၁၈၄၇၆ | စ - ၉၇၃၁၀၉ |

ကံထူးရှင်(၉)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ဇ - ၁၅၈၆၅၂ | စ - ၃၉၄၄၆၈ |
| ဂ - ၁၇၉၀၂၉ | ဆ - ၄၁၆၆၂၄ |
| ဇ - ၂၁၉၄၀၀ | င - ၄၈၆၅၆၆ |
| က - ၂၉၃၉၆၉ | စ - ၆၄၀၆၄၃ |
| ဈ - ၃၀၈၂၅၂ | ခ - ၆၄၉၈၇၇ |
| ဈ - ၃၃၃၁၀၁ | ဂ - ၈၅၀၅၀၃ |

ကံထူးရှင်(၁၂)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | |
|---|---|---|
| ဇ - ၁၉၇၂၆၉ | ဃ - ၄၁၇၈၇၈ | စ - ၅၂၀၆၃၀ |
| ဃ - ၂၃၂၇၅၉ | ဆ - ၄၂၉၆၈၂ | ဂ - ၆၈၄၇၄၈ |
| ဈ - ၂၅၅၅၃၈ | ဈ - ၄၃၄၂၉၉ | ဆ - ၆၉၅၈၉၄ |
| ခ - ၃၀၄၃၈၄ | ခ - ၄၇၇၈၅၁ | င - ၇၆၅၁၄၄ |
| ဂ - ၃၀၆၅၈၄ | ဆ - ၄၉၃၃၆၈ | ဈ - ၈၈၇၁၆၇ |
| စ - ၃၀၉၈၇၁ | ဃ - ၄၉၈၇၂၄ | |

ကံထူးရှင်(၁၇)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| စ - ၁၉၇၂၁၂ | ဂ - ၇၀၄၄၄၄ |
| စ - ၂၄၇၃၄၀ | ဇ - ၇၁၆၈၂၂ |
| ဃ - ၂၅၁၃၉၆ | ဂ - ၇၃၉၉၆၁ |
| ဂ - ၄၂၈၀၉၈ | ဈ - ၇၆၅၁၂၇ |
| ဈ - ၅၆၅၉၀၀ | ဈ - ၇၆၇၂၄၉ |
| စ - ၆၃၁၂၉၇ | ခ - ၈၂၇၀၀၂ |
| ခ - ၆၄၆၄၁၉ | ဂ - ၉၂၉၂၈၈ |

ကံထူးရှင်(၁၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

ဈ - ၅၀၂၆၀
ဃ - ၅၈၅၇၂
ခ - ၆၅၅၄၀

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၂)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဃ - ၂၃၃၇
စ - ၃၅၉၃
ဈ - ၇၅၆၀

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၃၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၈)ယူနစ်

| | | |
|---|---|---|
| ဈ - ၂၃၆ | ဂ - ၆၁၃ | ဆ - ၈၇၉ |
| ဇ - ၃၂၉ | ဇ - ၆၃၈ | ခ - ၉၀၁ |
| ဂ - ၃၈၀ | ခ - ၇၁၅ | |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၆၂၉၆)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်

င - ၂၀ ဈ - ၄၄ ဃ - ၈၃

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၄၇၅)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

စ - ၉

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၅၂၀၆)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| ဃ - ၃၇၁၃၂၈ | ဃ - ၅၄၈၅၇၇ |
| စ - ၃၉၁၄၂၂ | စ - ၈၂၆၇၂၅ |

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ဆ - ၂၂၂၅၅ ဃ - ၉၃၃၀၃

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

ဈ - ၁၅၉၃ က - ၄၁၇၆

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ဃ - ၅၇၁ ဂ - ၅၈၀

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၅၅၀)ဦး

၁။ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် ကျင်းပသည့် (၆၁)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၀၆၁၃၉)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်(၁၀၆၁၃၉)ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ မေ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၆၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်အုပ်ရေ (၅၅၂၇၆)အုပ်ဖြစ်ပါသည်။

၄။ (၆၁)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂-၄-၂၀၂၄ )ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၁၁-၄-၂၀၂၄ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၆၁)ကြိမ်မြောက်ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် ဧပြီလ (၁) ရက်နေ့**

အောင်ဘာလေအွန်လိုင်းသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆု**
ဆ - ၆၁၈၃၄၂
ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆု**
ဓ - ၄၃၇၈၇၂
ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ**
ဓ - ၃၉၆၀၄၁
ဆ - ၄၂၆၈၆၄
ကံထူးရှင်(၂)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆု**
ဃ - ၉၄၈၁၄၈
ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်(၂၀)သိန်းဆုများ**
ဆ - ၅၃၁၄၀၈
ဃ - ၅၄၉၉၇၅
ကံထူးရှင်(၂)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**
စ - ၁၅၇၃၉၅
ဆ - ၄၅၆၆၁၁
ကံထူးရှင်(၂)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၃)သိန်းဆုများ(၇)ယူနစ်**
င - ၁၈၄၇၉ င - ၆၀ဝ၅၄
ဂ - ၃၉၅၉၆ ဂ - ၇၈၇၇၃
က - ၄၃၈၈၁ က - ၉၂၂၈၇
စ - ၅၀၁၅၉
အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း ကံထူးရှင်(၁၅) ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၂)သိန်းဆု(၁)ယူနစ်**
ဈ - ၉၇၀၃
အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း ကံထူးရှင်(၇ )ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၁)သိန်းဆုများ(၃)ယူနစ်**
ဂ - ၃၂၄ ဆ - ၉၇၀
ဓ - ၃၂၇
အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း ကံထူးရှင်(၁၅၅)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ(၄)ယူနစ်**
ခ - ၁၅ ဂ - ၆၈
ဃ - ၆၂ ဆ - ၈၅
အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ - ကျပ်(၅)သောင်း ကံထူးရှင်(၁၇၀၀)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၁)သောင်းဆု(၁)ယူနစ်**
စ - ၈
အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံးအစဉ်လိုက်တူ - ကျပ်(၁)သောင်း ကံထူးရှင်(၃၉၂၀)ဦး

၁။ ၂၀၂၄ ခုနှစ်၊ ဧပြီ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၆၁)ကြိမ် မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၅၈၀၇)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၅၈၀၇)ဦး ဖြစ်ပါသည်။
၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။
၃။ ၂၀၂၄ ခုနှစ်၊ မေ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၆၂) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ)အက္ခရာထိ အက္ခရာ(၉) လုံးဖြစ်ပြီး ၎င်းအနက်မှ ၂၅% ဖြစ်သော ထီလက်မှတ်စောင်ရေ (၂၀၂၄၉၉၆)စောင်ဖြစ်ပါသည်။
၄။ အကြိမ်(၆၁)မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းအထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂-၄-၂၀၂၄ ) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ထီကံစမ်းသူ၏ထီကံစမ်းဆယ်ယူရာတွင် အသုံးပြုပေးချေခဲ့သည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။
၅။ ကျပ် (၁၀) သိန်း အထက် ထီဆုငွေများကို ထီဆုငွေကံထူးရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/ မိတ္တူ၊ သို့မဟုတ် Passport မူရင်း/မိတ္တူ၊ သို့မဟုတ် Foreigner Registration Certificate(FRC) မူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် Passport အရွယ်အစားဓာတ်ပုံ (၃)ပုံ၊ Application တွင် ထီကံစမ်းခဲ့ကြောင်း အထောက်အထားထီလက်မှတ်နှင့် Screenshot မိတ္တူ၊ ထီကံထူးကြောင်းပေးပို့သည့် စာတို (SMS)နှင့် Screenshot မိတ္တူ၊ ထီဆုငွေထုတ်ယူရန် ပေးပို့ထားသော လျှို့ဝှက်ကုတ်ပါဝင်သည့် စာတို (SMS)နှင့် Screenshot မိတ္တူ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန််းဆုဌာနခွဲ


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖလုံတိုက်နယ်၊ ကွမ်းသီးမြောင်ကျေးရွာ၊ မာဂရိကြိုးဝိုင်း၊ အကွက်အမှတ် (၆) ရှိ အကျယ်အဝန်းဧရိယာ (၅၀) ဧက ရှိသော ဒေါ်နီနီလွင် အမည်ဖြင့် လုပ်ကိုင်ခွင့် ရရှိထားသော သစ်တောစိုက်ပျိုးမြေ ဧက (၅၀)နှင့် ယင်းမြေပေါ်တွင် စိုက်ပျိုးထားသော သီးပင်စားပင်များနှင့် (၂) ထပ်တိုက်အိမ် (၁)လုံး၊ (၃)ခန်းတွဲအလုပ်သမားအဆောင် (၁)လုံးနှင့် ရေမီးစုံ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဒေါ်နီနီလွင် [၁၄/မအန(နိုင်)ဝ၅၃ဝ၅၈] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ဒေါ်ဟေမာန်နှင်း [၁၃/နခတ (နိုင်) ၁၁၁၆၁၁] ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မီမီလွင်သည် မြတ်လင်းသစ်ပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီကို တိုက်အမှတ်(၈၄၇)၊ (၄)လွှာ၊ မင်္ဂလာလမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၌ ရုံးခန်းဖွင့်လှစ်ပြီး၊ တရားဝင် မှတ်ပုံတင်အမှတ်(၁၅၅/၂၀၂၃)ဖြင့် လုပ်ကိုင်နေသူဖြစ်ပြီး၊ ဒေါ်ဟေမာန်နှင်းသည် M M TSS TOURS CO.,LTD အမည်ဖြင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းလုပ်ကိုင်သည်ဟု ၎င်း၏ပြောကြားချက်အရသိရပြီး ဒေါ်ဟေမာန်နှင်း၏ အကူအညီတောင်းခံမှုကြောင့် ဒေါ်မီမီလွင်မှ သူမ၏ မြတ်လင်းသစ်ကုမ္ပဏီတွင် ပြည်ပသွားရောက်လုပ်ကိုင်သူများနှင့် ဒေါ်ဟေမာန်နှင်းတို့ စာချုပ်ချုပ်သည့်ကိစ္စတွင် ဒေါ်ဟေမာန်နှင်းမှ နေရာအခက်အခဲရှိနေသဖြင့် ဒေါ်မီမီလွင်၏ မြတ်လင်းသစ်ကုမ္ပဏီတွင် လာရောက်စာချုပ်ချုပ်ဆိုခြင်းကို ဒေါ်မီမီလွင်မှ ခွင့်ပြုပေးခဲ့ပြီး၊ ဒေါ်ဟေမာန်နှင်းနှင့် ၎င်းပို့ဆောင်ပေးသည့် အလုပ်သမားများ စာချုပ်ချုပ်ဆိုခြင်းများကို ဒေါ်မီမီလွင်၏ကုမ္ပဏီရုံးခန်းတွင် စာချုပ်ချုပ်ဆို ခွင့်ပြုခဲ့ခြင်းအပေါ် ယခုအခါ ဒေါ်ဟေမာန်နှင်းမှ စာချုပ်ချုပ်ပို့ဆောင်ခဲ့သည့်သူများမှာ မြတ်လင်းသစ်ကုမ္ပဏီမှ ၎င်းတို့အား ပို့ဆောင်စာချုပ်ချုပ်သည်ဟု မဟုတ်မမှန် သတင်းများကြားသိနေရသည့်အတွက် ဒေါ်ဟေမာန်နှင်းနှင့် ပြည်ပအလုပ်အကိုင်သွားရောက်လုပ်ကိုင်ရန် စာချုပ်ချုပ်ဆိုသူများနှင့် မြတ်လင်းသစ်ကုမ္ပဏီသည် မည်သို့မှ သက်ဆိုင်ခြင်းမရှိကြောင်း ဒေါ်ဟေမာန်နှင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

